# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၈၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးရှိ သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ကူညီကယ်ဆယ်ရေးအဖွဲ့များအား သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးအားပေးစကားပြောကြား

နေပြည်တော် မေ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ကူညီကယ်ဆယ်ရေးအဖွဲ့များအား သွားရောက်တွေ့ဆုံပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻




မြန်မာ့အလင်း

# သတ်မှတ်ချက်များနှင့်အညီ တည်ဆောက် စနစ်တကျတိကျစွာ ကြပ်မတ်စစ်ဆေး

မိမိတို့နေထိုင်ရာကမ္ဘာကြီး၏ မြေမျက်နှာပြင်ကြီးသည် အစဉ်သဖြင့် ရွေ့လျားနေသော်လည်း မိမိတို့ မသိကြရ။ သာမန်အားဖြင့် တည်ငြိမ်နေသည်ဟု ထင်မြင်ရသည့် မြေမျက်နှာပြင်၏အောက် ကမ္ဘာ့အတွင်းပိုင်းတွင် ကျောက်ရေပူများက အဆက်မပြတ် တွန်းကန်လျက်ရှိရာ အပေါ်ယံ မြေထုလွှာ၏အောက်တွင်ရှိနေသော ဧရာမကျောက်သားထုကြီးများ (tectonic plates) မှာလည်း မိမိတို့မသိသော ရွေ့လျားနှုန်းဖြင့် တဖြည်းဖြည်းရွေ့လျားနေကြခြင်းဖြစ်သည်။ အဆိုပါ ကျောက်သားထုကြီးများ တစ်ခုနှင့်တစ်ခု တွေ့ဆုံတိုးတိုက်နေကြသော နေရာများတွင် ပြတ်ရွေ့များ (faults) ဖြစ်ပေါ်ပြီး ပြတ်ရွေ့များ ရွေ့လျားလှုပ်ခတ်ရာမှ မြေငလျင်များ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အဓိကအကျဆုံးပြတ်ရွေ့မှာ စစ်ကိုင်းပြတ်ရွေ့ (Sagaing fault) ဖြစ်ပြီး ကီလိုမီတာ ၁၂၀၀ ကျော် ရှည်လျားကာ မြန်မာနိုင်ငံ မြောက်ပိုင်းမှသည် တောင်ပိုင်းကပ္ပလီပင်လယ်ပြင်ထဲအထိ တည်ရှိနေခြင်းဖြစ်သည်။ စစ်ကိုင်းပြတ်ရွေ့သည် အလျားလိုက်ပြတ်ရွေ့အမျိုးအစားဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ ၁၈ မီလီမီတာမှ ၂၀ မီလီမီတာအထိ ရွေ့လျားလျက်ရှိသည့် သက်ရှိပြတ်ရွေ့ကြီးလည်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ အလယ်တွင် မြောက်မှတောင်သို့ ကျောရိုးကြီးသဖွယ် တည်ရှိနေသည့် စစ်ကိုင်းပြတ်ရွေ့ကြောကြီးပေါ်တွင် မိုးကောင်း၊ မိုးမိတ်၊ စစ်ကိုင်း၊ အင်းဝ၊ မန္တလေး၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ နေပြည်တော်၊ တောင်ငူ၊ ပဲခူး စသည့် လူစည်ကားများပြားသော အချက်အချာ မြို့ကြီးများ တည်ရှိနေကြသည်။ စစ်ကိုင်းပြတ်ရွေ့အပြင် ပြတ်ရွေ့အကြီးအငယ် စုစုပေါင်း ၄၀ ကျော်ရှိနေရာ မိမိတို့နိုင်ငံသည် ငလျင်ဘေးအန္တရာယ် မြင့်မားသည့်နိုင်ငံဖြစ်သည်။

ကမ္ဘာပေါ်တွင် ဖြစ်ပေါ်လေ့ရှိသည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တိုင်းထွာ တွက်ချက်ခန့်မှန်းနိုင်သော်လည်း မြေငလျင်၏ အန္တရာယ်ကို ကြိုတင်ခန့်မှန်းနိုင်သည့် နည်းပညာမှာ ယနေ့ထက်တိုင် မရှိသေးသဖြင့် မြေငလျင်အန္တရာယ်ကို တိတိကျကျ ကြိုတင်၍ သတိမပေးနိုင်သေး။ သို့ဖြစ်ရာ မည်သည့်အချိန်၊ မည်သည့်နေရာတွင်၊ မည်မျှကြီးမားမည် မသိသော မြေငလျင်အန္တရာယ်နှင့်အတူတကွ မိမိတို့နေထိုင်နေကြရခြင်းဖြစ်သည်။ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော ငလျင်ကြီးတွင် အဆောက်အအုံများစွာ ပြိုကျပျက်စီးခဲ့ရပြီး လူဦးရေ ထောင်နှင့်ချီ၍ သေကျေဒဏ်ရာရခဲ့သည်မှာ သင်ခန်းစာယူဖွယ်ပင်ဖြစ်သည်။ မြေငလျင်အန္တရာယ်နှင့် အချိန်မရွေး ရင်ဆိုင်ကြရမည့် မိမိတို့နေထိုင်သည့် အိမ်ရာ၊ တိုက်တာ၊ အဆောက်အအုံတို့မှာ မိမိတို့နိုင်ငံတွင် ကျရောက်နိုင်သည့် အမြင့်မားဆုံး ငလျင်ပြင်းအားကို ခံနိုင်ရည်ရှိသည်အထိ ခိုင်ခံ့စွာ တည်ဆောက်ကြရတော့မည်ဖြစ်သည်။

ထို့အပြင် ရုံး၊ ဌာန၊ အဆောက်အအုံများ၊ တက္ကသိုလ်၊ စာသင်ကျောင်း၊ ဆေးရုံ၊ သာသနိကအဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆည်မြောင်းတာတမံများ၊ လမ်းတံတား၊ လေဆိပ်၊ ဘူတာများ စသည်ဖြင့် အနာဂတ်တွင် ဆောက်လုပ်သမျှ အဆောက်အအုံတို့၏ နေရာဒေသအလိုက် သဘာဝဘေးအန္တရာယ်များနှင့် မြေငလျင်ဒဏ်ခံနိုင်ရေးအတွက်ပါ မျှော်တွေး၍ ထည့်သွင်းတွက်ချက် တည်ဆောက်ကြရတော့မည်ဖြစ်သည်။ အဆောက်အအုံ ကြီးငယ်၊ အိမ်ရာကြီးငယ် အမျိုးမျိုးတို့ကို ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုးတို့ဖြင့် တည်ဆောက်ကြရာတွင် မြေငလျင်ဒဏ်ခံနိုင်မည့် နည်းပညာများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရမည်ဖြစ်သည်။

"မိမိတို့နိုင်ငံတွင် ရစ်(ခ်)တာစကေး ၆ နှင့် ၇ ပတ်ဝန်းကျင် လှုပ်လေ့လှုပ်ထရှိပြီး အမြင့်ဆုံးမှာ ရစ်(ခ်)တာစကေး ၈ အထိ အမြင့်ဆုံး လှုပ်ခတ်ခဲ့သဖြင့် မိမိတို့အနေဖြင့် ငလျင်သက်ရောက်သည့် ဒေသတွင်ရှိသည့် ဒေသများ၌ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဖြစ်ရန်လိုကြောင်း၊ အဆောက်အအုံများဆောက်လုပ်ရာတွင် ခိုင်ခံ့မှုကို အလေးမထားသည့်အတွက် မလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများ ပိုမိုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း" ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆောက်အအုံများ ဆောက်လုပ်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊ စနစ်တကျကြပ်မတ်စစ်ဆေးမှုများ လျော့ရဲအားနည်းခြင်းတို့သည် လူ့အသက်ပေါင်းများစွာကို ဆုံးရှုံးစေသည်အထိ အန္တရာယ်ကြီးမားသည်ဖြစ်ရာ အနာဂတ်တွင် ဘေးဆိုး၊ အန္တရာယ်ဆိုးတို့ကျရောက်မှုမှ ကင်းဝေးစေရေး တာဝန်ကျေပွန်စွာ စနစ်တကျဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၂၀၂၅ ခုနှစ် ဧပြီလ ၆ ရက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ငလျင်ဘေးအန္တရာယ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ငလျင်ဘေးသင့် ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်ဝန်းကျင် မြေကွက်လပ်၊ အားကစားကွင်း၊ စာသင်ကျောင်း စသည့်နေရာများတွင် ယာယီနေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်ထားသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသည့် ရောဂါပိုးများ ပေါက်ပွားရှင်သန်မှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန် မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါ အစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပွားနိုင်ကာ ငလျင်ဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအသောက်များ လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများ ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ရန်ကုန်တိုင်းဗုဒ္ဓဘာသာကလျာဏယုဝအသင်းဝင်များ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်-၅၀၀ ၌ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မေ ၆

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)၏ ညွှန်ကြားမှုဖြင့် မတ် ၂၈ရက်တွင် လှုပ်ခတ်ခဲ့သောငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ အရေးပေါ် သွေးလိုအပ်နေသောနေရာများသို့ တပ်မတော်ဆေးရုံများမှတစ်ဆင့် ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အမှတ် (၂) တပ်မတော်ဆေးရုံ ခုတင်-၅၀၀၌ ကျင်းပရာ ရန်ကုန်တိုင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ စုပေါင်းသွေးလှူဒါန်းကြရာ ဒလမြို့နယ်မှ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းဇော်လတ်နှင့်အမှုဆောင်၊ အသင်းဝင် ၄၅ဦး၊ သာကေတမြို့နယ်မှ အသင်းဝင် ငါးဦး၊ လှိုင်သာယာမြို့နယ်မှ အသင်းဝင် သုံးဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ ရန်ကုန်တိုင်းဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယဥက္ကဋ္ဌမင်္ဂလာမမ္မဇောတိကဓဇ ဦးထင်ကျော်မိုး၊ တိုင်းအလုပ်အမှုဆောင် ဦးသန့်ဇင်လင်း၊ အမှတ် (၂) တပ်မတော်စစ်ဆေးရုံ ခုတင်-၅၀၀မှ ဗိုလ်မှူးကျော်ဇင်ထွန်းနှင့်သွေးဌာနမှ တာဝန်ရှိအရာရှိအရာခံအကြပ်စစ်သည်များ လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ဒလမြို့နယ် YMBA အသင်းမှ အားဖြည့်အချိုရည်၊ ကြက်ဥ၊ အာဟာရမုန့်များကို တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

နေပြည်တော် မေ ၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် မေ ၇ ရက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ၆-၄-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၁၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။


မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm

* *ရှေ့ဖုံးမှ*

**အားပေးစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ်ရှိ လေဆိပ်အဟောင်းနေရာ၌ ငလျင်ဒဏ် ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ယာယီဆေးရုံဖွင့်လှစ်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အိန္ဒိယ တပ်မတော်ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital သို့ရောက်ရှိကြရာ အဖွဲ့ခေါင်းဆောင် Lt. Col Jagneet Gill နှင့် တာဝန်ရှိသူများက ဆေးကုသမှု ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ကို လိုက်လံရှင်းလင်းတင်ပြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆေးကုသမှုခံယူ နေသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်း များ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကူညီကယ်ဆယ်မှုများနှင့် ဆေးကုသပေး မှုများ လာရောက်ဆောင်ရွက်ပေးသည့် အတွက် ကျေးဇူးတင်စကားပြောကြား သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် ဇနီးတို့က အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့များအတွက် အမှတ် တရလက်ဆောင်ပစ္စည်းများနှင့် သစ်သီး ခြင်းတို့ကိုပေးအပ်ပြီး အိန္ဒိယတပ်မတော် ဆေးကုသရေးအဖွဲ့ ခေါင်းဆောင်က လက်ခံရယူပြီး အမှတ်တရလက်ဆောင် ပစ္စည်း ပြန်လည်ပေးအပ်သည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် က အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital ဧည့်သည် တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး အိန္ဒိယတပ်မတော် ဆေးကုသရေး အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ သည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် မင်္ဂလာမန္တလေး ဟိုတယ်ရှေ့၌ ယာယီအခြေပြု၍ ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည့် တရုတ်နိုင်ငံ China Search and Rescue ကူညီ ကယ်ဆယ်ရေးအဖွဲ့အား သွားရောက် တွေ့ဆုံရာ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင်အများပြည်သူများ လှူဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငလျင်လှုပ်ခတ်စဉ် ကွာကျခဲ့ရသည့် ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများ ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယ တပ်မတော်ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အိန္ဒိယတပ်မတော်ဆေးကုသရေးအဖွဲ့အား လက်ဆောင်ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တရုတ်နိုင်ငံ China Search and Rescue ကူညီကယ်ဆယ်ရေးအဖွဲ့အား အမှတ်တရ လက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်း ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံမှ Major General Sergey Voroutsov ဦးဆောင်သော ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့ ဆေးကုသနေမှုကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

အဖွဲ့ခေါင်းဆောင် Mr. Kyauk Me က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့လာရောက်ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ခွဲခြား၍မရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရရှိခဲ့သည့် ကူညီကယ်ဆယ်ရေးအတွေ့အကြုံများကိုလည်း မျှဝေပေးသွားစေလိုပြီး မိမိတို့အနေဖြင့် ယခုဖြစ်စဉ်ဖြစ်ရပ်အပေါ် သင်ခန်းစာယူ၍ နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအပေါ် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများအား ဆက်လက်သုတေသနပြုဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ကျေးဇူးတင်စကားများကို ပြောကြားကာ ကူညီကယ်ဆယ်ရေး အဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် သစ်သီးခြင်းတို့ကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး တရုတ်နိုင်ငံ ကူညီကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်က ယခုဖြစ်ပေါ်ကြုံတွေ့နေရသည့် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ဆုံးရှုံးခဲ့ရမှုများကို အဆွေတော်ဝန်ကြီးချုပ်၏ ဦးဆောင်မှုအောက်တွင် အကောင်းဆုံးကျော်ဖြတ်နိုင်မည်ဖြစ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ဆုံးရောက်ရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဆုမွန်ကောင်းစကား ပြန်လည်ပြောကြားသည်။

**ကျေးဇူးတင်စကားများပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလာသီရိအားကစားကွင်းသို့ ရောက်ရှိကြပြီး အားကစားကွင်းနေရာတွင် ယာယီအခြေပြု၍ ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့် ရုရှားနိုင်ငံမှ Major General Sergey Voroutsov ဦးဆောင်သော ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားများပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်းတို့ကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါအားကစားကွင်းအတွင်း ယာယီအခြေပြု၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသည့် ဘယ်လာရုစ်နိုင်ငံမှ Col. Eagle ဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားများပြောကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်းတို့ကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး အမှတ်တရလက်ဆောင်ပစ္စည်းပြန်လည်ပေးအပ်ကာ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

> ❑ **တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ခွဲခြား၍မရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၊ မြန်မာနိုင်ငံတွင်ရရှိခဲ့သည့် ကူညီကယ်ဆယ်ရေးအတွေ့အကြုံများကိုလည်း မျှဝေပေးသွားစေလိုပြီး မိမိတို့အနေဖြင့် ယခုဖြစ်စဉ်ဖြစ်ရပ်အပေါ် သင်ခန်းစာယူ၍ နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအပေါ် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများအား ဆက်လက်သုတေသနပြုဆောင်ရွက်သွားမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံမှ Col. Eagle ဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များအား သစ်သီးခြင်း ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင်အများပြည်သူများ လှူဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငလျင်လှုပ်ခတ်စဉ် ကွာကျခဲ့ရသည့် ရှေးဟောင်းလက်ရာ နံ့ရံဆေးရေးပန်းချီများ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**အမြန်ဆုံးပြန်လည်ပြုပြင်မွမ်းမံ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမုနိပိဋကတ်တိုက်တော်ကြီးအတွင်းရှိ ရှေးဟောင်းပိဋကတ်တော်များ ထိန်းသိမ်းထားရှိမှုများ၊ ကြေးရုပ်ပြတိုက်အတွင်းရှိ ရှေးဟောင်းကြေးရုပ်ကြီးများ ထိန်းသိမ်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့ရမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမြတ်မုနိဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့စဉ် မဟာမြတ်မုနိဘုရားရပ်ပွားတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများအား မူလလက်ရာမပျက် စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ ပြိုကျနေဆဲဖြစ်သည့် အန္တရာယ်ရှိအဆောက်အအုံများကို စနစ်တကျဖြင့် ဖြိုဖျက်မှုများ ဆောင်ရွက်သွားရန်လိုပြီး ပြုပြင်မှုများကို အပိုင်းလိုက်စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုသည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားသည်။

**ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများက အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေးမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ၊ ကျောက်ဆည်မြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှု၊ လိုအပ်သည်များ လမ်းညွှန်မှာကြား

◆ **ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရသင့်ရထိုက်သည့်နေရာများအားလုံး မျှမျှတတရရှိစေရေး ဆောင်ရွက်ပေးသွားရန်လို၊ ထိခိုက်ပျက်စီးခဲ့သည့် လမ်းတံတားနေရာများအား လတ်တလောသွားလာနိုင်ရန်အတွက် ယာယီပြင်ဆင်မှုများ ဆောင်ရွက်ထားရှိမှုများကို အပိုင်းလိုက် စနစ်တကျဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ဆက်လက်ပြင်ဆင်ဆောင်ရွက်**

နေပြည်တော် မေ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**လိုအပ်သည်များ လမ်းညွှန်မှာကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မြတ်ကိုယ်ပိုင်အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုကာ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် စာသင်ဆောင်များ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ထိခိုက်ပျက်စီးခဲ့မှုများအား စနစ်တကျစိစစ်၍ ပြန်လည်ပြုပြင်နိုင်သည်များကို အဆင့်အလိုက် ပြုပြင်သွားရန်၊ ပြုပြင်၍မရသည့် အန္တရာယ်ရှိကျောင်းဆောင်များကို စနစ်တကျဖြိုချသွားရန်နှင့် ဆယ်တင်၍ရနိုင်သည့်ပစ္စည်းများကိုလည်း စနစ်တကျပြန်လည်ဆယ်တင် အသုံးပြုသွားရန်၊ ပြန်လည်ပြုပြင်၍ ရနိုင်သေးသည့်ကျောင်းဆောင်အား ကျောင်းဖွင့်ချိန်မတိုင်မီ စနစ်တကျပြန်လည်ပြုပြင်ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ခိုင်ခံ့မှုရှိစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသမှုဆောင်ရွက်ပေးနေမှုများ၊ အဆောက်အအုံအတွင်း ခြောက်ရက်ကြာပိတ်မိခဲ့ပြီး

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆွမ်းဦးပုညရှင်စေတီတော်၌ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များအား ချီးမြှင့်ငွေများ ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတံတား(အင်းဝ) ရထားလမ်းကူးတံတား ပြိုကျပျက်စီးမှုအခြေအနေများကို ကြည့်ရှုစဉ်။

စာမျက်နှာ ၅ မှ

အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့သူ ကျောင်းဆရာတစ်ဦးအပါအဝင် အခြားထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှု၍ အားပေးစကားပြောကြားကာ ထိခိုက်ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အသခ်ယာရိပ်သာသို့ ရောက်ရှိကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် လူထိခိုက်သေဆုံးခဲ့ရမှုများ၊ သာသနိကအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီဝန်ထမ်းများ၊ ပြည်ပနိုင်ငံများမှ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ အတူတကွပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စကုမော်ကယ်ဆယ်ရေးစခန်း၌ ဒေသခံများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။

ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ငွေကြေးထောက်ပံ့မှုများဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရသင့်ရထိုက်သည့်နေရာများအားလုံး မျှမျှတတရရှိစေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် လမ်းတံတားနေရာများအား လတ်တလောသွားလာနိုင်ရန်အတွက် ယာယီပြင်ဆင်မှုများ ဆောင်ရွက်ထားရှိမှုများကို အပိုင်းလိုက် စနစ်တကျဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ဆက်လက်ပြင်ဆင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရသည့်အဆောက်အအုံများတွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ဟူ၍ရှိမည်ဖြစ်ပြီး ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက်လည်း လိုအပ်သည့်ဆောက်လုပ်ရေးပစ္စည်းများကို တတ်နိုင်သရွေ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ယခင်ကထက် ပိုမိုကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်သည့်မြို့အဖြစ် ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းလမ်းရပ်ကွက် ကမ်းနားလမ်းပေါ်ရှိ မိုးဇာရေပေးဝေရေးစက်ရုံ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် ပင်မလမ်းအူကြောင်းရွှေ့လျားပြောင်းလဲခဲ့သည်အထိ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်

စာမျက်နှာ ၇ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

စာမျက်နှာ ၆ မှ

စကုမေ့ာ်ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးထားမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်ပေးထားမှုများကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ စစ်ကိုင်းမြို့မှ လုပ်အားပေးလာရောက်ကြသည့် စေတနာ့ဝန်ထမ်းပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားသည်။ ယင်းနောက် စကုမေ့ာ်ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းမှ စစ်ကိုင်းတံတား(အင်းဝ) ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှုအခြေအနေများကို ကြည့်ရှုပြီး အမြန်ဆုံးပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့် အားကစားကွင်း၌အခြေပြု၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံရာ အဖွဲ့ခေါင်းဆောင် Mr. Hasizul ၏ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များ တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းနှင့် သစ်သီးခြင်းကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေးကျွန်းမြေအုဋ်ကျောင်း၌ အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်းဆောင်ရွက်နေမှု၊ သက္ယမိတာသီလရှင်စာသင်တိုက် အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်းဆောင်ရွက်နေမှု၊ ဆွမ်းဦးပုညရှင်စေတီတော်တွင် အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်းဆောင်ရွက်နေမှု၊ ရတနာသိင်္ဂီ သီလရှင်စာသင်တိုက်တွင် အဆောက်အအုံပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သာသနိကအဆောက်အအုံများအား မူလလက်ရာမပျက် ခိုင်ခံ့စွာဖြင့် ပြန်လည်တည်ထားကိုးကွယ်နိုင်ရေး လုပ်ငန်းဆောင်ရွက်မှုများအား အဆင့်အလိုက်စနစ်တကျဖြင့် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကိုမှာကြားကာ ကူညီကယ်ဆယ်ရေးအဖွဲ့များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာစေတီတော်အား လုံးတော်ပြည့်ငုံ၍ ပြုပြင်မွမ်းမံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီတဂူဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူဝိပဿနာကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ သောဌသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာဘုရား၊ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၅၀၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အား ငလျင်သဘာဝဘေးကြောင့် အသက်ခန္ဓာဆုံးရှုံးခဲ့ရသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ပြည်သူအပေါင်းတို့ရရှိစေရန် အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူသံဃသန္နိပါတ ကျောင်းဆောင်တော်ကြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အမြန်ဆုံးပြန်လည်တည်ဆောက်သွားနိုင်ရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ ကားလမ်းမပေါ်၌ ငလျင်ဘေးဒဏ်ကြောင့် ပင်မလမ်းအူကြောင်း ရွေ့လျားပြောင်းလဲခဲ့သည်အထိ ထိခိုက်ပျက်စီးခဲ့ရမှုအား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ရိုင်တန်းရပ်ကွက်ရှိ မဟာစေတီတော်အား လုံးတော်ပြည့်ငုံ၍ ပြုပြင်မွမ်းမံတည်ဆောက်နေမှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကိုကြည့်ရှု၍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်မွမ်းမံမှုများကို စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား(ရတနာပုံ)ပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ ဆရာလေးကျောင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နေပြည်တော်နယ်မြေအတွင်း ဌာနအလိုက်ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေးစီစဉ်ပေးထားသည့် စခန်းနေရာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းမိသားစုများ၏ ယာယီနေရာချထားရာစခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံးသို့ ရောက်ရှိပြီး ရုံးဝင်းအတွင်း ငလျင်ဒဏ်ခံရသဖြင့် ဝန်ထမ်းမိသားစုအင်အား ၈၂ ဦးတို့အား ယာယီစခန်းချထားမှုကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စုစည်းနေရာချထားမှုအခြေအနေ၊ ဝန်ထမ်းမိသားစုများအတွက် စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေနှင့် ရုံးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းပြသမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအား ဖြည့်ဆည်းပေးပြီး ဝန်ထမ်းမိသားစုများကို အားပေးစကား ပြောကြားခဲ့သည်။(**အပေါ်ပုံ**)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့မီးရထား၏ နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိလာပြီး ဘူတာစကြံ အမှတ်(၃)သို့ ဆိုက်ရောက်လာသော ရန်ကုန်-နေပြည်တော် အမှတ် (၇) အဆန် DEMU ရထားတွဲဆိုင်းနှင့် ဘူတာစကြံ အမှတ် (၂) ၌ နေပြည်တော်မှ မန္တလေးသို့ ထွက်ခွာရန် အဆင်သင့်ဖြစ်နေသည့် အမှတ် (၂၇)အဆန်၊ လေအိတ်အမြန်ရထားတွဲဆိုင်းတို့အား ကြည့်ရှုစစ်ဆေး၍ ရထားများ အချိန်မှန်ထွက်ခွာ၊ ဆိုက်ရောက်နိုင်ရေး၊ သတ်မှတ်အမြန်နှုန်းဖြင့် ပြေးဆွဲနိုင်ရေး၊ ရထားခရီးစဉ်သတင်းအချက်အလက်များကို ပြည်သူလူထု ကျယ်ပြန့်စွာသိရှိစေရေး လိုအပ်ချက်များကို မှာကြားသည်။ ဆက်လက်၍ နေပြည်တော်ဘူတာကြီးနယ်မြေအတွင်း ငလျင်ဒဏ်ခံ ဝန်ထမ်းမိသားစုအင်အား ၈၀၀ တို့အား နေရာချထားမှုအခြေအနေ၊ မြန်မာ့မီးရထားဆေးအဖွဲ့မှ ဝန်ထမ်းမိသားစုနှင့် ဒေသခံပြည်သူတို့အား ဆေးဝါးကုသပေးမှု အခြေအနေတို့ကို စစ်ဆေးလျက် ယာယီစခန်းစတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ လူနာစုစုပေါင်း ၇၇၁ ဦး ကုသပေးနိုင်ခဲ့မှုအပေါ် ဆက်လက်၍ ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်ရေး မှာကြားသည်။ ထို့နောက် မီးဖိုဆောင်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ မိသားစုအလိုက် အမိုး၊ အကာဖြင့် စနစ်တကျနေရာချထားရန်နှင့် ကာလတစ်ခုအထိ အဆင်ပြေစွာနေထိုင်နိုင်ရေး Camp တည်ဆောက်ရန် လိုအပ်သည့် မြေနေရာများ ကြိုတင်စီစဉ်ဆောင်ရွက်ကြရေး မှာကြားခဲ့သည်။ ဆက်လက်၍ မြန်မာ့မီးရထား(ရုံးချုပ်)၊ စီးပွားရေးဌာနခွဲရုံးဝင်းအတွင်းရှိ ဝန်ထမ်းမိသားစု ၄၃၄ ဦးရှိသည့် ယာယီစခန်းနေရာသို့ ရောက်ရှိပြီး နေရာချထားပေးမှုအစီအစဉ်၊ စားသောက်ရေးအစီအစဉ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများကို အားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး (ရွာတော်)သို့ ရောက်ရှိပြီး ဌာနဝန်ထမ်းမိသားစုအင်အား ၁၀၈ ဦးတို့ ယာယီစခန်းချနေထိုင်မှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားပေးစကားပြောခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ UNOCHA ၏ အကြီးအကဲနှင့် Under-Secretary-General ဖြစ်သူ Mr. Tom Fletcher ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Under-Secretary-General Mr. Tom Fletcher ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

ထိုသို့ တွေ့ဆုံစဉ် Mr. Tom Fletcher က ငလျင်ဘေးသင့် ပြည်သူများအား ကူညီရန်အတွက် နိုင်ငံတကာမှ ယခုအချိန်အထိ လှူဒါန်းရန် ကတိပြုငွေ အမေရိကန်ဒေါ်လာ ၉၃ သန်း ရရှိထားပါကြောင်း၊ ကုလသမဂ္ဂ၏ အရေးပေါ်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၅ သန်းအား အသုံးပြုသွားမည်ဖြစ်ပါကြောင်းနှင့် ယင်းတို့ကို အသုံးပြု၍ အကူအညီပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန်အတွက် ကုလသမဂ္ဂဝန်ထမ်းများကို စေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်း ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ရန်ကုန်မြို့အခြေစိုက် UNOCHA ရုံး၏ အကြီးအကဲတို့ တက်ရောက်ခဲ့ကြသည်။



တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နှစ်ဖက်ကိုယ်စားလှယ်များသည် ငလျင်ဒဏ်ကြောင့်အသက်အိုးအိမ် စည်းစိမ် ပျက်စီးဆုံးရှုံးရမှုများ အတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ခဲ့ကြသည်။ **သတင်းစဉ်**

# သဘာဝမြေငလျင်ဘေးဒဏ်သင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းနှင့်မိသားစုဝင်များအားထားရှိမည့် ယာယီတည်းခိုရေးစခန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၆**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်အတွင်းရှိ Myanmar Secure Group (MSG) Company Limited ဝင်းအတွင်းရှိ သဘာဝမြေငလျင်ဘေးဒဏ်ခံစားခဲ့ရသော စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများထားရှိသည့် ယာယီတည်းခိုရေးစခန်း အမှတ် (၂)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသော စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေးအတွက် ယာယီဆေးပေးခန်းမှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ ပြိုကျပျက်စီးသွားသည့် တိုက်များအနီးတွင် ယာယီစခန်းများဆောက်လုပ်၍ နေထိုင်နေကြသည့်ဝန်ထမ်းများ တည်းခိုရေးစခန်းများသို့ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေး၊ ယာယီစခန်းဝင်းအတွင်း ရေ၊ မီး၊ မိလ္လာစနစ်ကောင်းမွန်ရေး၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို စနစ်တကျ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ဖြန့်ဝေနိုင်ရေးတို့နှင့် ပတ်သက်၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ ဇနီးမှလည်း ယာယီတည်းခိုရေးစခန်းအတွင်းရှိမိသားစုများ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ လျှောင်ဘေးသင့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား စားနပ်ရိက္ခာများ ပေးအပ်ချီးမြှင့်



**နေပြည်တော် မေ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ လျှောင်ဘေးသင့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ အချိုရည်၊ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်၊ ငါးခြောက်နှင့် စားနပ်ရိက္ခာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီဝင်သည် ဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆောင်တာများနှင့် စားဝတ်နေရေး အခက်အခဲများကို မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယနေ့တွင် ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ဆန်အိတ် ၅၀၀၊ ရေသန့်ဘူးကတ် ၂၀၀၊ အချိုရည်ကတ် ၃၀၀၊ ခေါက်ဆွဲခြောက်ထုပ် ငါးဖာ၊ ငါးခြောက်နှင့် စားနပ်ရိက္ခာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။(ယာပုံ)

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် လျှောင်ဒဏ်သင့် ဝန်ထမ်းမိသားစုများနှင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မေ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာသို့ သွားရောက်၍ လျှောင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ပေးအပ်သည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ လျှောင်ဒဏ်သင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ပေးအပ်ခြင်းတို့ကို စေတနာရှင် အလှူရှင်များနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဘိလပ်မြေစက်ရုံ (တောင်ဖီလာ)နှင့် တောင်ငူခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့အား ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၆**

စက်မှုဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၀)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ လတ်တလော နေထိုင်စားသောက်ရေးကိစ္စရပ်များ အဆင်ပြေစေရေးအတွက် လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဦးစီးဌာန၊ လုပ်ငန်းများမှ နေထိုင်ရန် အခက်အခဲရှိသည့် ဝန်ထမ်းအင်အားစာရင်းများကို ပြုစုထားရန်နှင့် အမြန်ဆုံးနေရာချထားနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများအတွင်းသို့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လာရောက်စစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်း ထောက်ခံချက်ပေးမှသာ ဝင်ရောက်နေထိုင်ကြရန် လိုကြောင်း၊ လျှောင်ဒဏ်ကြောင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုများကို သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သော အဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် အနည်းဆုံးအင်အားဖြင့်ဆောင်ရွက်နိုင်ရေး ဌာနအလိုက် တာဝန်ရှိသူအဆင့်ဆင့်မှ စနစ်တကျ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိဘိလပ်မြေစက်ရုံ(တောင်ဖီလာ)သို့ ရောက်ရှိရာ လျှောင်ဒဏ်ကြောင့် စက်ရုံပျက်စီးခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အလွန်ပြင်းထန်သည့် လျှောင်လှုပ်ခတ်ခဲ့၍ ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘိလပ်မြေစက်ရုံများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသဖြင့် စက်ရုံပြန်လည် လည်ပတ်နိုင်ရေး အင်တိုက်အားတိုက်ဆောင်ရွက်ကြရန်၊ စက်ရုံပြုပြင်ရေးနှင့် ပတ်သက်၍ အခြားလိုအပ်ချက်များရှိပါကလည်း ပွင့်ပွင့်လင်းလင်း တင်ပြပေးသွားရန် လိုကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့် စက်ပစ္စည်းများနှင့် ပတ်သက်၍ ပြည်ပမှ တင်သွင်းရန် လိုအပ်ပါက ပြည်ပမှ တင်သွင်းခွင့်ရရှိရေးအတွက် လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ရုံအတွင်း အန္တရာယ်ရှိသည့် အဆောက်အအုံနေရာများတွင် သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ရှိ တောင်ငူခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးသို့ ရောက်ရှိရာ လျှောင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံနေရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံ၍ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ တောင်ငူခရိုင်အတွင်းရှိ MSME လုပ်ငန်းများ ထိခိုက်မှုများအား ကြည့်ရှုစစ်ဆေးပေးပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကိုလည်း အမြဲမပြတ် လေ့လာဖတ်ရှုနေရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကို သတိ၊ ပညာ၊ ဉာဏ်တို့ဖြင့် ဆင်ခြင်သုံးသပ်၍ ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားရမည် ဖြစ်ကြောင်း အားပေးစကားများ ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လျှောင်ဒဏ်ကြောင့် တောင်ငူမြို့အတွင်း အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တရားခွင်ရုံးထိုင်မည့်နေရာများ လှည့်လည်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၆**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရှိ တရားခွင်များ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်သဖြင့် အများပြည်သူတို့၏ဥပဒေပါအခွင့်အရေးများ မဆုံးရှုံးစေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ အမှုများ ကြားနာခြင်းကို ပုံမှန်ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဇေယျာသီရိခရိုင်တရားရုံးသို့ ရောက်ရှိပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်စုံညီခုံရုံး၊ အထူးအယူခံခုံရုံး၊ အထူးခုံရုံး၊ တရားမတစ်ဦးထိုင် တရားခွင်၊ ပြစ်မှုတစ်ဦးထိုင် တရားခွင်များ ရုံးထိုင်စစ်ဆေးကြားနာရန် တရားခွင်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်တရားရုံးနောက်ဘက်ရှိ မြေနေရာတွင် ဇေယျာသီရိခရိုင်တရားရုံး ရုံးထိုင်ရန် ယာယီတရားခွင်(၄)ခွင် ဆောက်လုပ်မည့် နေရာကိုလည်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဇေယျာသီရိခရိုင်တရားရုံးနှင့် ပုဗ္ဗသီရိမြို့နယ်တရားရုံးများတွင် မြေငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရန်လိုအပ်သည်များကို မှာကြားကာ ဝန်ထမ်းနေရာချထားမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးသည်။

ပြည်ထောင်စု တရားသူကြီးချုပ်နှင့်အတူ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်(စီမံ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (တရားစီရင်ရေး)၊ ညွှန်ကြားရေးမှူး (ပြစ်မှု၊ တရားမ)နှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ငလျင်ဘေးသင့်ဝန်ထမ်းများ နေထိုင်စားသောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဧပြီ ၆**



လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ငလျင်ဘေးသင့်ဝန်ထမ်းများအား ယာယီနေထိုင်နိုင်ရန်အတွက် ဥတ္တရသီရိမြို့နယ် နေပြည်တော် ဗဟိုသင်တန်းကျောင်းတွင် ဝန်ထမ်းနှင့် မှီခိုမိသားစုဦးရေ စုစုပေါင်း ၉၁၄ ဦး ကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ် အမှတ်(၁) တည်ဆောက်ရေးဝင်းတွင် ဝန်ထမ်းနှင့် မှီခိုမိသားစုဦးရေ စုစုပေါင်း ၂၇၇ ဦး ကိုလည်းကောင်း၊ ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဝင်းတွင် ဝန်ထမ်းနှင့် မှီခိုမိသားစုဦးရေ စုစုပေါင်း ၈၃ ဦး အားလည်းကောင်း ယာယီစုစည်း၍ နေရာချထားဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဘေးသင့်ဝန်ထမ်းများအား ယာယီပြောင်းရွှေ့ နေရာချထားသည့် ဥတ္တရသီရိမြို့နယ်ရှိ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်းနှင့် မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ်ရှိပေါင်းလောင်း ရေအားလျှပ်စစ် အမှတ်(၁) တည်ဆောက်ရေးဝင်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်း တို့သို့ သွားရောက်ပြီး ငလျင်ဘေးသင့်ဝန်ထမ်းများအား နေရာချထားမှု၊ နေထိုင်စားသောက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ အလှူရှင်များက ပေးပို့လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးသင့် ဝန်ထမ်းများအား ယာယီပြောင်းရွှေ့ နေရာချထားသည့် ဥတ္တရသီရိမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်းသို့ ရောက်ရှိပြီး ငလျင်ဘေးသင့် ဝန်ထမ်းများ လုံလောက်စွာ အသုံးပြုနိုင်ရန် ယာယီသန့်စင်ခန်းများ တည်ဆောက်နေမှု၊ ပြောင်းရွှေ့နေရာချထားသည့်အဆောက်အအုံများအတွင်းရှိသန့်စင်ခန်းများတွင် ရေလုံလောက်စွာရရှိမှု ရှိ/ မရှိ၊ မြေနေရာလွတ်များတွင် ယာယီနေထိုင်နိုင်ရန် လူနေမိုးကာတဲများချထားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ ယာယီမီးဖိုဆောင်များ တည်ဆောက်နေမှု၊ သင်တန်းဆောင် အဆောက်အအုံအတွင်း ထပ်မံလစ်လပ်နိုင်မည့် နေရာများတွင် နေရာချထားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့် အဆောက်အအုံ ပြင်ပမြေနေရာများတွင် ယာယီတဲများ တည်ဆောက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အဆင်ပြေစွာ အသုံးပြုနိုင်ရေး၊ ရေလုံလောက်စွာ ရရှိရေး၊ အဆောက်အအုံများ၊ အဆောင်များအတွင်း လျှပ်စစ်ဓာတ်အားပုံမှန်ရရှိရေးနှင့် ဝန်အားနိုင်နင်းစွာ အသုံးပြုနိုင်စေရေး စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေအားလျှပ်စစ် အမှတ် (၁) တည်ဆောက်ရေးဝင်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းတို့သို့ သွားရောက်ပြီး ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ယာယီပြောင်းရွှေ့နေရာချထားမှု၊ နေထိုင်စားသောက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ အားပေးစကားပြောကြားပြီး မိမိတို့နေထိုင်ရာ အဆောက်အအုံအတွင်း/ အပြင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေး ဆောင်ရွက်သွားရန်နှင့် မီးဘေးအန္တရာယ်မဖြစ်စေရေး ဂရုပြုနေထိုင်သွားရန် မှာကြားခဲ့ပြီး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အလှူရှင်များက ပေးပို့လှူဒါန်းသည့် သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်ခဲ့ကာ ဝင်းများအတွင်းရှိ ဓမ္မာရုံများတွင် ထပ်မံပြောင်းရွှေ့ပေးရန် လိုအပ်သည့် ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ယာယီနေရာချထားပေးနိုင်ရေးနှင့် ရုံးအဆောက်အအုံဟောင်းများကို အမြန်ပြန်လည် ပြုပြင်ပြင်ဆင်၍ နေရာချထားနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အာဆီယံနိုင်ငံများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်

**နေပြည်တော် ဧပြီ ၆**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က အင်အား အလွန်ပြင်းထန်သော မြေငလျင် လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများတွင် ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့ကြသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုလက်မှတ်နှင့် အမှတ်တရပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးအန္တရာယ် ကျရောက်သည့် ဒေသများသို့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ချက်ချင်းလာရောက်၍ အတူလက်တွဲ ပူးပေါင်းလျက် လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုအတွက် ကျေးဇူးအထူးတင်ရှိကြောင်း ဦးစွာပြောကြားလိုကြောင်း၊ နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းမြို့များတွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၏ နေ့ညမနားမနေ ကြိုးစားဆောင်ရွက်မှုများကြောင့် အသက်ရှင်လျက် ရှစ်ဦး ကယ်ထုတ်နိုင်ခဲ့ပြီး သေဆုံးသူ ၁၇၂ ဦး ရှာဖွေနိုင်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်များကို ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများသည် အဓိကကျကြောင်း၊ ယခုကဲ့သို့ လာရောက်ပူးပေါင်းမှုကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် မိတ်ဆွေတို့နိုင်ငံမှ စိတ်ပူစွာဖြင့် စာနာကူညီပေးကြသော ပြည်သူများအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရပစ္စည်းများ ပေးအပ်သည်။




အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များနှင့် AHA Centre မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ နေပြည်တော်ရှိ မြေငလျင်ဒဏ်သင့် ဆရာဒကာကျောင်းတိုက်များသို့သွားရောက်၍ အလှူငွေနှင့်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အောင်သိဒ္ဓိ ဆရာဒကာကျောင်းတိုက်နှင့် လယ်ဝေးမြို့ရှိ ပေါက်မြိုင် ဆရာဒကာကျောင်းတိုက်တို့သို့သွားရောက်၍ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ငလျင်ဒဏ်ကြောင့် ကျောင်းတိုက်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးသွားမှု အခြေအနေများအား လိုက်လံကြည့်ရှုပြီး ပျက်စီးမှုများပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းမိသားစုများနေထိုင်ရန် ယာယီစခန်းများ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ တိုင်းရုံးအတွင်း တည်ဆောက်မည့် မြေနေရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုင်းရုံးနှင့်ခရိုင်ရုံးများ၏ ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းမိသားစုများအား ယာယီပြောင်းရွှေ့နေရာချထားပေးသည့် ဒက္ခိဏသီရိမြို့နယ်ရှိ သင်တန်းကျောင်းအဆောင်သို့ သွားရောက်၍ ဝန်ထမ်းမိသားစုများအတွက် နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာနရုံးချုပ်ဝင်းအတွင်း ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန်အတွက် သုံးခန်းတွဲနေအိမ်နှင့် ဘားတိုက်များ ဆောက်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ ပြောင်းရွှေ့ဝန်ထမ်းမိသားစုများအတွက် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် Under Secretary General Mr. Tom Fletcher တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂ၏တတိယအဆင့်အမြင့်ဆုံး အရာရှိ (Under Secretary General) နှင့် လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်သူ Mr. Tom Fletcher ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Center– DMC) ၌ တွေ့ဆုံခဲ့ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဘေးသင့်ဒေသများ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ ငလျင်ဘေးသက်ရောက်သည့်ဒေသများရှိ အဆောက်အအုံပျက်စီးမှုများကြောင့် ပိတ်မိနေသူများရှာဖွေကယ်ဆယ်ရေးအတွက် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့အစည်းများရောက်ရှိနေသည့် အခြေအနေများ၊ အာဆီယံသဘာဝဘေးအရေးပေါ်ထောက်ပံ့ပို့ဆောင်မှုစနစ်(Disaster Emergency Logistic System for ASEAN) နှင့် နိုင်ငံတကာမှ ငလျင်ဘေးတုံ့ပြန်ဆောင်ရွက်မှုအတွက် ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့နေမှုအခြေအနေများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ပြောကြားသည်။

ထို့နောက် လူသားချင်းစာနာထောက်ထားမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး (Under Secretary General) ဖြစ်သူ Mr. Tom Fletcher က မိမိအနေဖြင့် ငလျင်ဘေးသင့်သူ မြန်မာပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်း၊ ကုလသမဂ္ဂတွင် ကဏ္ဍအလိုက် ကျွမ်းကျင်ဝန်ထမ်းများစွာရှိပါသဖြင့် မြန်မာနိုင်ငံသို့ စေလွှတ်ကူညီပေးရန် အသင့်ရှိပါကြောင်း၊ ယခုလာရောက်ရခြင်းသည် မြေပြင်အခြေအနေများကို သိရှိပြီး လိုအပ်သည့်အကူအညီများပေးနိုင်ရေး ဆွေးနွေးလိုခြင်းကြောင့် ဖြစ်ပါကြောင်း၊ လူသားချင်းစာနာမှု အကူအညီများ ပေးပို့လျက်ရှိပါကြောင်း၊ အကူအညီများပေးအပ်ရာတွင် လူသားချင်းစာနာမှုအကူအညီဆိုင်ရာ အခြေခံမူများနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တို့ကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံပြန်လည်ပြုပြင်မွမ်းမံမှုအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ရုံးအဆောက်အအုံပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့တို့သည် ဝန်ကြီးဌာန ရုံးရှေ့မျက်နှာစာ ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးခဲ့သည့် အစိတ်အပိုင်းများ ပြန်လည်ပြုပြင်ရာ၌ ကြံ့ခိုင်မှုရှိစေရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုစိုက်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမနှင့် လျှောက်လမ်းကော်ရစ်တာ မျက်နှာကြက်ပြိုကျပျက်စီးမှုများအား အမြန်ဆုံးပြုပြင်နိုင်ရန်နှင့် အဆောက်အအုံ အင်ဂျင်နီယာများ၏ လာရောက်စစ်ဆေးမှုရလဒ်များအပေါ် လိုက်နာပြုပြင်ဆောင်ရွက်သွားရန် အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။



ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် ပြည်တွင်းအလှူရှင်များက ပေးအပ်လှူဒါန်းသည့် ဆန်အိတ် ၄၀၊ ရေသန့်ကတ်များနှင့်အလှူငွေကျပ်သိန်း ၁၀၀ တို့ကို လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အစိုးရ၊ နိုင်ငံတကာနှင့် ပြည်တွင်း အလှူရှင်များက ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် ကူညီပေးအပ်သော ပစ္စည်းများကို ဝန်ထမ်းများသို့ စနစ်တကျ ခွဲဝေပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

* *ကျောဖုံးမှ*

အနီးကပ်ဆုံးပြိုင်ဘက် နာမည်ကြီးရီးရဲမက်ဒရစ်အသင်းထက် လေးမှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် ဘက်တစ်အသင်းက ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် ပြိုင်ပွဲစုံ ငါးပွဲဆက် နိုင်ပွဲရရှိမှု စံချိန်မှတ်တမ်းကောင်း ပျက်စီးခဲ့သည်။

ပွဲကစားချိန် ၇ မိနစ်တွင် ဖာရန်တောရက်စ်၏ ဖန်တီးမှုကို ကွင်းလယ်တိုက်စစ်ကစားသမား ဂါဗီအဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် ဘာစီလိုနာအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ဘက်တစ်အသင်းကလည်း ချေပဂိုး ရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲကစားချိန် ၁၇ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ခံစစ်ကစားသမား နေတာန်က သွင်းယူပေးခဲ့သည်။

ဘက်တစ်အသင်းသည် ပွဲကစားချိန်အများစုတွင် ဘာစီလိုနာအသင်း၏ ထိုးဖောက် တိုက်စစ်ဆင်မှုများကိုသာ ဟန့်တားကာကွယ်ခဲ့ရပြီး တန်ပြန်တိုက်စစ်ဆင်မှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက်တွင် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် သရေကျခဲ့ခြင်း ဖြစ်သည်။

လာလီဂါပွဲစဉ် (၃၀) အပြီးတွင် ဘာစီလိုနာအသင်းက ဒုတိယနေရာမှ ရီးရဲမက်ဒရစ်အသင်းထက် လေးမှတ်အသာ ရမှတ် ၆၇ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ဘက်တစ်အသင်းက ပွဲ ၃၀ ကစားပြီး ရမှတ် ၄၈ မှတ်ရရှိထားသော်လည်း လာမည့်နှစ် ချန်ပီယံလိဂ် ဝင်ခွင့်ရရေးအတွက် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရဦးမည်ဖြစ်သည်။

**အောင်ဇော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအားတွေ့ဆုံ

**နေပြည်တော် မေ ၆**
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဘေးဒဏ်သင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ ဖြစ်သည့် ဘောဂသိဒ္ဓိရပ်ကွက်နှင့် ဉာဏသိဒ္ဓိရပ်ကွက် တို့တွင်နေထိုင်ကြသော ဝန်ထမ်းအိမ်ရာတိုက်ခန်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြား သည်။

ထိုသို့စစ်ဆေးရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန ဝန်ထမ်းများနေထိုင်ခဲ့သည့် အဆောက်အအုံ ကြံ့ခိုင်မှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်း အဆင့်(၁) လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ၎င်းတိုက်များ၏ သုံးရေ ရေအရည်အသွေးများ ပြောင်းလဲမှုရှိမရှိ၊ ရေအရည်အသွေးစံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိမရှိတို့ကို စစ်ဆေးရန် ရေနမူနာကောက်ယူပြီး ရွေ့လျားဓာတ်ခွဲခန်းတွင် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးပေးခြင်း၊ တိုက်ခန်းများ၏ ကြံ့ခိုင်မှုအရည်အသွေးစစ်ဆေးခြင်း တို့ကို ဆောင်ရွက်သည်။

ထို့နောက် ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များကို လိုက်လံနှုတ်သိမ့်အားပေးကာ ယာယီနေထိုင်စားသောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ လက်ဝယ်အရောက်ဆန်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဌာနခွဲအလိုက်ရုံးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရုံးခန်းနေရာယာယီဖွင့်လှစ်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**
အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်း ငလျင်နှင့် နောက်ဆက်တွဲ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်များ ကြောင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ရှိ လူငယ်ရေးရာဦးစီးဌာနမှ ရုံးခန်း နေရာများ ထိခိုက်ပျက်စီးမှုအခြေ အနေများနှင့် လူငယ်ရေးရာဦးစီး ဌာနရုံး ယာယီပြောင်းရွှေ့ထားမှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ အဆောက်အအုံအတွင်း ရှိ ရုံးသုံးပရိဘောဂပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်သည်များ က သယ်ဆောင်ပြောင်းရွှေ့ကူညီ ပေးနေမှု အခြေအနေများအား လိုက်လံကြည့်ရှု အားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စု ဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့်အတူ အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ရုံးအမှတ်(၃၁)၌ ပြည်ထောင်စု ဝန်ကြီးရုံး ဌာနခွဲများဖြစ်သည့် အုပ်ချုပ်ရေးနှင့် လူ့စွမ်းအားအရင်း အမြစ်စီမံခန့်ခွဲမှုဌာနခွဲ၏ စီမံ/ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ မူဝါဒနှင့်ဥပဒေလုပ်ထုံး လုပ်နည်း စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ၏ ပြည်ပခရီးစဉ်များဖြစ် သည့် ASEAN SDGS Thorugh Football Forum, The DCO Train the Trainer Course Program, 2025 SEARADO Board Meeting, ကျား/မရေးရာ တန်းတူညီမျှရေး အလုပ်ရုံ ဆွေးနွေးပွဲနှင့် ပြေးခုန်ပစ်ချန်ပီယံ ရှစ်ပြိုင်ပွဲများသို့ဝင်ရောက်ယှဉ်ပြိုင် နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက် ပြီး အမည်စာရင်းများ အပြီးသတ် ပေးပို့နိုင်ရေးလုပ်ငန်း ဆောင်ရွက် နေမှုအခြေအနေများ၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၏ စီမံကိန်းများ ရေးဆွဲခြင်း၊ စာရင်းအင်းများ ပြုစု ဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ကြီးဌာနအတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များအရ ရငွေ/ သုံးငွေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ် များထံသို့ လုပ်ပိုင်ခွင့်များ ခွဲဝေ ခြင်းနှင့် အသုံးစရိတ်များ ထုတ်ယူ ရရှိနိုင်ရေးလုပ်ငန်းဆောင်ရွက်နေ မှုအခြေအနေများ၊ ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်း ပြန်ကြားရေးဌာနခွဲ၏ ပြည်ပ ခရီးစဉ်များနှင့် ပတ်သက်ပြီး အချိန်မီပေးပို့နိုင်ရေး လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ နှင့် ရုံးခန်းနေရာ ယာယီဖွင့်လှစ် ဆောင်ရွက် ထားရှိမှုများအား လိုက်လံကြည့်ရှု စစ်ဆေးပြီး သကြင်္ကန်ကာလမတိုင်မီ သက်ဆိုင် ရာဌာနများသို့ ဌာနခွဲများအလိုက် ပေးပို့ရမည့် အချက်အလက်များ အား အချိန်မီပေးပို့နိုင်ရေးအတွက် ကြပ်မတ် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး နောက် လုံခြုံရေးတာဝန် ထမ်း ဆောင်လျက်ရှိသည့် ဌာနဝန်ထမ်း များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လုံခြုံရေးသတိ၊ လုံခြုံရေးအသိဖြင့် ဂရုစိုက်၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြား ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလောမြို့နယ်ရုံး၊ ညောင်ရွှေမြို့နယ်ရုံးနှင့် တောင်ကြီးပြည်နယ်ရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးရဲတင့်သည် ရှမ်း ပြည်နယ် ဦးစီးမှူးနှင့်အတူ ယနေ့နံနက်က ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ယာယီရုံးသို့ရောက်ရှိ ပြီး ဝန်ထမ်းများအား တွေ့ဆုံ မှာကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ် သည်။ ထို့နောက် ရာဂီမုန်တိုင်း ကြောင့် ရေတိုက်စားပျက်စီးခဲ့သည့် မြို့နယ်ရုံးအသစ်ပြန်လည်တည် ဆောက်ရန် မြေသားပြုပြင် ထားရှိမှုနှင့် ချောင်းမြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးသည်။ ပြည်နယ်နှင့်ခရိုင် ဦးစီးမှူးတို့အား လာမည့်ဘတ်ဂျက် တွင် ရုံးသစ်ဆောက်ရန် ခွင့်ပြု ချက်ပါပြီးဖြစ်၍ ပြည်နယ်အစိုးရ အားတင်ပြပြီး တင်ဒါခေါ်ယူ ဆောင်ရွက်ရေး၊ အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ကြပ် မတ်ဆောင်ရွက်ရန်နှင့် အချိန်မီ ပြီးစီးရေးတို့ကို မှာကြားသည်။



မွန်းလွဲပိုင်းတွင် ညောင်ရွှေ မြို့နယ်ရုံးသို့ ရောက်ရှိပြီး ရာဂီ မုန်တိုင်းရေဘေးကြောင့် ပြိုကျ ပျက်စီးခဲ့သည့် အုတ်တံတိုင်း ပြုပြင်ပြီးစီးမှု၊ ရုံးအောက်ပိုင်း ပျက်စီးမှုများပြင်ဆင်ပြီး ရုံးပြန် လည်ဖွင့်လှစ် ပုံမှန်ဆောင်ရွက် နေမှု၊ နွေရာသီကာလအင်္ဂလိပ် 4 Skillသင်တန်း၊ ပန်းချီသင်တန်း နှင့်အနုပညာသင်တန်းများ ဖွင့်လှစ် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် ယခု ငလျင်ဒဏ်ကြောင့် နံရံအချို့ အနည်းငယ်သာ အက်ကွဲမှုအခြေ အနေကို ကြည့်ရှုစစ်ဆေးကာ ဆောက်လုပ်ရေး အင်ဂျင်နီယာ ဖြင့် စစ်ဆေးမှတ်တမ်းထားရန် မှာကြားပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြား၍ ဂုဏ်ပြုငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ် သည်။

ထို့နောက် တောင်ကြီးမြို့ ပြည်နယ်ပြန်ဆက်ရုံးနှင့် ခရိုင်ရုံး သို့ရောက်ရှိပြီး ရုံးအဆောက်အအုံ နှင့် လူထုအခြေပြုဗဟိုဌာန၊ စာကြည့်တိုက်တို့ ငလျင်ဒဏ် ကြောင့် အက်ကွဲပျက်စီးမှုအခြေ အနေတို့ကိုကြည့်ရှုစစ်ဆေးသည်။ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူ များအား အဆောက်အအုံများကို အင်ဂျင်နီယာများ စစ်ဆေးမှုခံယူ ပြီးမှ အခြေအနေတင်ပြဆောင် ရွက်ရန်၊ ဖွင့်လှစ်ဆဲသင်တန်းများ ဖြစ်သည့် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ကိုရီးယား စကားပြောနှင့် တရုတ်စကားပြော သင်တန်း၊ ပန်းချီသင်တန်းနှင့် စစ်တုရင် သင်တန်းတို့ကို လောလောဆယ်ရပ်နားထားရန်၊ အဆောက်အအုံအား စစ်ဆေးပြီး လိုအပ်သည်များ ပြုပြင်ပြီးမှ အန္တရာယ်ကင်းမှသာ ပြန်လည် ဖွင့်လှစ်ရန်၊ ရုံးလုပ်ငန်းများကို မြေပြင်တွင် ဆောင်ရွက်ရန်၊ အန္တရာယ်မဖြစ်ရေး သတိပြု ဆောင်ရွက်ကြရန် မှာကြားသည်။ ညနေပိုင်းတွင် ရိပ်သာနှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ စစ်ဆေးပြုပြင်ရန်နှင့် အန္တရာယ် ကင်းစွာ နေထိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*
အသက်ရှူကိရိယာများ ၃၂၈၈ kg ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးက လက်ခံရယူ ကာရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်း များကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင် ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ရတနာသစ်တော၊ ပြည့်သွေးကြော။**
**သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

# မြန်မာနိုင်ငံကို ကူညီပံ့ပိုးရန်နှင့် ပြည်သူများနှင့်တစ်သားတည်းရှိရန် ကုလသမဂ္ဂကို တိုက်တွန်း

(၅-၄-၂၀၂၅၊ နေပြည်တော်)

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၄-၂-၂၀၂၅ ရက်မှ ၄-၄-၂၀၂၅ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ ဆိုသူတို့၏ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာများအပေါ် အနှစ်သာရကင်းသည့် အပြန်အလှန် ဆွေးနွေးမှုများကို ၃-၃-၂၀၂၅ ရက် နှင့် ၂၀-၃-၂၀၂၅ ရက်တို့တွင် အသီးသီးပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ဥရောပသမဂ္ဂက တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကို ၃-၄-၂၀၂၅ ရက်တွင် သက်ဆိုင်ရာနိုင်ငံကို ချန်လှပ်၍ ဘုံသဘောတူညီချက်မရှိဘဲ အတည်ပြုချမှတ်ခဲ့ခြင်းမှာ အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးမှု၏ အခြေခံသဘောတရားကို သေးသိမ်စေသည်။

မြန်မာနိုင်ငံတွင် ၂၈-၃-၂၀၂၅ ရက်၌ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့ပြီး လူပေါင်း ၃၀၀၀ ကျော် သေဆုံးကာ အခြေခံအဆောက်အအုံများ ဆိုးရွားစွာ ပျက်စီးခဲ့သည်။ ယင်းနေ့တွင်ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြင်းထန်စွာထိခိုက်ခဲ့သည့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းရှိ ငလျင်ဘေးသင့်နေရာများကို အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး ကူညီပံ့ပိုးလိုသည့် မည်သည့်အဖွဲ့အစည်းကိုမဆို အထောက်အပံ့များပေးအပ်ရန် ဖိတ်ခေါ်ခဲ့သည်။ အဖွဲ့ဝင် ၄၃ ဦး ပါဝင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အရေးပေါ်တုံ့ပြန်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစီးလုပ်ဆောင်လျက်ရှိသည်။

အဆိုပါအင်အား ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဘေးဒဏ်သင့်နေရာများသို့ အစားအစာများ၊ ဆေးဘက်ဆိုင်ရာ အကူအညီများပေးခြင်းနှင့် မရှိမဖြစ် လိုအပ်သည့် ဝန်ဆောင်မှုများပေးခြင်းတို့အပါအဝင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ကုလသမဂ္ဂနှင့်လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏ အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှုများနှင့် ပံ့ပိုးမှုများကို ကြိုဆိုသည်။

အရေးပေါ်ကာလတွင် မြန်မာပြည်သူများနှင့်အတူ တစ်သားတည်းရှိကြောင်း ပြသ၍ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြသည့် ကုလသမဂ္ဂအေဂျင်စီများ အပါအဝင် နိုင်ငံများနှင့် အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ ထိုသို့ အားပေးသည့် အပြုအမူများမှာ လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပြသရာရောက်သည်။

ယခုကဲ့သို့ သဘာဝဘေးနှင့် ကြုံတွေ့နေရချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အချို့နိုင်ငံများ၏ အပ်ကြောင်းထပ်နေသော ပြစ်တင်ဝေဖန်မှုများကို ဆက်လက်ရင်ဆိုင်နေရသည်မှာ လွန်စွာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ယခုအချိန်တွင် မြန်မာပြည်သူများ အမှန်တကယ် လိုအပ်သည်မှာ ကူညီဖေးမမှု၊ အကူအညီ၊ အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှုနှင့် တစ်သားတည်းဖြစ်မှုတို့သာဖြစ်ပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေသော နိုင်ငံရေးသွတ်သွင်းသည့် ဆုံးဖြတ်ချက်အဆိုကို အလိုမရှိပါ။

မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ်၃ခုကျော်ကြာပြီဖြစ်သည့် အထူးအစီရင်ခံစာ တင်သွင်းသူကဲ့သို့သော လက်တွေ့တန်ဖိုးကင်းမဲ့ပြီး ထိရောက်မှုမရှိသည့် လုပ်ပိုင်ခွင့်များကို အဆုံးသတ်ရန် ကုလသမဂ္ဂအားတိုက်တွန်းသည်။

ယခုကဲ့သို့ သဘာဝဘေးကြောင့်အခက်အခဲများ ကြုံတွေ့နေရသည့်ကာလတွင် မျှတ၍ လက်တွေ့ဆန်သောချဉ်းကပ်မှုဖြင့် မြန်မာနိုင်ငံ၏ သဘာဝဘေးတုံ့ပြန်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို ကူညီပံ့ပိုးရန်နှင့် မြန်မာပြည်သူများနှင့် တစ်သားတည်းရှိရန်လည်း ကုလသမဂ္ဂကို တိုက်တွန်းသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည့် အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့နှင့် ဆေးကုသမှုအဖွဲ့တို့အား နှုတ်ဆက်



**မန္တလေး ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၆)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ပြန်လည်ထွက်ခွာကြသည့် အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့နှင့် ဆေးကုသမှုအဖွဲ့အား နှုတ်ဆက်၍ ကျေးဇူးတင်စကားများပြောကြားသည်။

**အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်**

အဆိုပါအဖွဲ့သည် လူသားချင်း စာနာ ထောက်ထားမှုများဖြင့် မန္တလေးမြို့သို့ မတ် ၃၀ ရက်က ရောက်ရှိပြီး ချမ်းမြသာစည်မြို့နယ်ရှိ လေဆိပ်ဟောင်းနေရာတွင် ယာယီကုသဆောင်များ ဖွင့်လှစ်၍ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများအား လိုအပ်သည့် ဆေးကုသမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြပြီး၍ မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသွားကြခြင်းဖြစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွေ့ဆုံနှုတ်ဆက်၍ အားပေးကူညီမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ကြိုးပမ်းဆောင်ရွက်**

မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားမှုကြောင့် မန္တလေးတိုင်း ဒေသကြီးတွင်လည်း ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်တွင်းမှ ဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့များနှင့် ဆေးကုသမှုအဖွဲ့များဖြင့် ကူညီရှာဖွေ ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ဆေးဝါးကုသရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



**နေပြည်တော် ဧပြီ ၆**

မြန်မာ – တရုတ် – ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ပြီး တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ ကျောက်ခတ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဂါနာနိုင်ငံသား ငါးဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦး စုစုပေါင်း ၁၅ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံကာ စာရင်းဇယား အချက်အလက်များ၊ မှတ်တမ်းများ စနစ်တကျဖြစ်စေရေး၊ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ထားရှိရန် မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၃၉ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၁၄၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၉၇ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့်ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမေရိကန်နိုင်ငံတစ်ဝန်း ထရမ့်နှင့် အီလွန်မက်တို့ကို စုဝေးဆန့်ကျင်ဆန္ဒပြ



**ဝါရှင်တန် မေ ၆**

အမေရိကန်နိုင်ငံတစ်ဝန်း လမ်းမများပေါ်၌ သမ္မတဒေါ်နယ်ထရမ့်နှင့် ဘီလျံနာ အီလွန်မက်တို့ကို ဆန္ဒပြသူများက စုဝေးဆန္ဒပြခဲ့ကြသည်။

မေ ၅ ရက်မှ စတင်ပြီး ထရမ့်အစိုးရက ဖက်ဒရယ်အလုပ်သမားများကို အလုပ်မှရပ်နားပြီး အစိုးရအသုံးစရိတ် ဖြတ်တောက်မည့် အစီအစဉ်များကြောင့် လူထုစုဝေးဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။

အီလွန်မက်သည် ကွန်ဂရက်လွှတ်တော်က ရွေးကောက်တင်မြှောက်ခြင်း မဟုတ်ဘဲ DOGE ဟု လူသိများသော အစိုးရစွမ်းဆောင်ရည်ဌာနကို ဦးဆောင်ပြီး အမေရိကန်နိုင်ငံသားများ မှီခိုအားထားနေရသည့် လုပ်ငန်းအစီအစဉ်များကို ဖျက်သိမ်းမှုများ လုပ်ဆောင်ခဲ့သည့်အတွက် လူတိုင်းက ဒေါသထွက်နေကြကြောင်း ဆန္ဒပြသူ တစ်ဦးက ပြောသည်။

မက်သည် ၎င်း၏ ကုမ္ပဏီအလုပ်များကိုသာ အာရုံစိုက်ရန်နှင့် အစိုးရအလုပ်ကို ဝင်မစွက်ဖက်ရန် လုပ်ဆောင်သင့်သည်ဟု အမေရိကန်မြို့တော်ရှိအခြားသော ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။

ထရမ့်က အီလွန်မက်၏ စွမ်းဆောင်ရည်ကို ချီးကျူးခဲ့ပြီး မက်သည် လအနည်းငယ်အတွင်း အစိုးရအဖွဲ့မှ နုတ်ထွက်ဖွယ်ရှိကြောင်း ပြောဆိုထားသည်။

အင်န်အိတ်ချ်ကေ

## သီရိလင်္ကာရေတပ်က သမိုင်းတွင် အများဆုံး ဘိန်းဖြူနှင့် စိတ်ကြွဆေးပြား သိမ်းဆည်းရမိ

**ကိုလံဘို မေ ၆**

သီရိလင်္ကာရေတပ်က ဘိန်းဖြူနှင့် စိတ်ကြွဆေးပြား ၇၀၀ ကီလိုဂရမ်ကျော် သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းမှာ နိုင်ငံလုံခြုံရေးတပ်ဖွဲ့၏ သမိုင်းကြောင်းတွင် အများဆုံးမူးယစ်ဆေးဝါး သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း ရေတပ်က မေ ၅ ရက်တွင် ပြောကြားသည်။

သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါး၏တန်ဖိုးမှာ သီရိလင်္ကာရူပီး ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၄ သန်း) ကျော်ရှိကြောင်း ရေတပ်မီဒီယာညွှန်ကြားရေးမှူး ဘက်ဒီခဆမ်ပက်က ပြောကြားသည်။ ရေတပ်နှင့် မူးယစ်ရဲတပ်ဖွဲ့ဌာနက ပူးတွဲစစ်ဆင်ရေး ပြုလုပ်စဉ်အတွင်း အဆိုပါမူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုသည့် ငါးဖမ်းရေယာဉ်ကိုလည်း သံသယရှိသူ ခုနစ်ဦးနှင့်အတူ သီရိလင်္ကာနိုင်ငံအနောက်ပိုင်း ကမ်းရိုးတန်းရေပြင်၌ ဖမ်းဆီးသိမ်းဆည်းခဲ့ကြောင်း ဆမ်ပက်က ဆိုသည်။

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများကို စစ်ဆေးမှုပြုလုပ်ပြီးနောက် ရေတပ်တပ်မှူး ကန်ချာနာ ဘာနာဂိုဒါက မူးယစ်ဆေးဝါးရောင်းဝယ်မှုများအတွင်း ပါဝင်ပတ်သက်မှုရပ်တန့်ရန် ငါးဖမ်းရေယာဉ်ပိုင်ရှင်များအား တိုက်တွန်းခဲ့ပြီး သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ပင်လယ်နီရှိ အမေရိကန် လေယာဉ်တင်သင်္ဘောကို ဟူသီများက ထပ်မံတိုက်ခိုက်

**ဆားနား မေ ၆**

ပင်လယ်နီမြောက်ပိုင်းရှိ ယူအက်စ်အက်စ် ဟယ်ရီအက်စ် ထရူးမင်း လေယာဉ်တင်သင်္ဘောနှင့် ၎င်း၏ ထောက်ပံ့ရေးသင်္ဘောကို တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း မေ ၆ ရက်တွင် ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက ပြောသည်။ လေယာဉ်တင်သင်္ဘောကို ပစ်မှတ်ထား၍ ဒရုန်းများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ဟူသီပြောရေးဆိုခွင့်ရှိသူ ယာယာဆာရီရာက ဟူသီပိုင် အယ်မာရီရာ တီဗွီတွင် ပြောကြားခဲ့သည်။

ထောက်ပံ့ရေးသင်္ဘောမှာ ပဲ့ထိန်းဒုံးကျည်ထိမှန်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ အမေရိကန်ရေတပ်က အဆိုပါ တိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့်မှတ်ချက်မျှ ပေးခဲ့ခြင်းမရှိချေ။ မတ် ၁၅ ရက်တွင် အမေရိကန်က လေကြောင်းတိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့ပြီးနောက် ဟူသီများနှင့် အမေရိကန်တို့အကြား တင်းမာမှုမြင့်တက်လာခဲ့သည်။ ယီမင်နိုင်ငံမြောက်ပိုင်းကို ထိန်းချုပ်ထားသည့် ဟူသီအုပ်စုသည် မကြာသေးမီရက်ပိုင်းအတွင်း အစ္စရေးနှင့်အမေရိကန် စစ်သင်္ဘောများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုအများအပြား ပြုလုပ်ခဲ့သည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ လွန်ခဲ့သည့် နှစ်ပတ်အတွင်း အမေရိကန်တပ်ဖွဲ့သည် ယီမင်ပြည်နယ်အများအပြားရှိ ဟူသီများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ အနောက်ပိုင်း၌ နှစ်ပေါင်း ၁၀၀၀ ခန့်ရှိ ချယ်ရီပင်မှ ပန်းပွင့်များ ပွင့်လန်းနေ

**တိုကျို မေ ၆**



ဂျပန်နိုင်ငံ အနောက်ပိုင်း အိုကာယာမခရိုင် မနိဝါမြို့တွင် သက်တမ်း နှစ်ပေါင်း ၁၀၀၀ ခန့်ရှိပြီဟု ယူဆရသော အလွန်ကြီးမားသည့် ချယ်ရီပင်ကြီးသည် ပန်းပွင့်များ ပွင့်လန်းလျက်ရှိကြောင်း သိရသည်။

ဒိုက်ဂို-ဇာကူရာ ချယ်ရီပင်ကြီးသည် အမြင့် ၁၈ မီတာရှိပြီး ပင်စည်ပတ်လည်မှာ ကိုးမီတာခန့် ရှိသည်။ အဆိုပါ ချယ်ရီပင်ကြီးသည် မြင့်မားသော နေရာတွင် တစ်ပင်တည်း ထီးထီးမားမား ရပ်တည်လျက်ရှိသည်။ ၁၃၀၀ ပြည့်နှစ်အစောပိုင်းကာလများတွင် ဧကရာဇ်ဂိုဒိုက်ဂိုက ၎င်း၏ ပြည်နှင်ဒဏ်ပေးခြင်းခံရသည့် ခရီးစဉ်အတွင်း ယင်းချယ်ရီပင်၏ အလှအပကို ချီးကျူးခဲ့သည်ဟုဆိုရာမှ ၎င်း၏အမည်နာမကို အစွဲပြုပြီး ထိုကဲ့သို့ ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

မေ ၄ ရက်တွင် လာရောက်လည်ပတ်သူများက ကောင်းကင်ပြာ နောက်ခံဖြင့် ပန်းပွင့်များ၏ ပုံရိပ်များကို ဓာတ်ပုံရိုက်ယူခဲ့ကြပြီး နွေဦးရာသီ၏ လမ်းလျှောက်အပန်းဖြေမှုကို ခံစားခဲ့ကြသည်။ ဒေသခံများက ပန်းပွင့်များကို နောက်ထပ်ရက်သတ္တပတ်အထိ ခံစားနိုင်ကြဦးမည်ဟု ပြောသည်။ ချယ်ရီပင်မှ ပန်းပွင့်များ မကြွေကျမီအထိ ည ၇ နာရီမှ ၉ နာရီအထိ ညစဉ်ညတိုင်း အလင်းရောင်ထိုးပေးထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## အမေရိကန်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် လေဆင်နှာမောင်း တိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံမှုများကြောင့် ၁၆ ဦးခန့် သေဆုံး

**ဟူစတန် မေ ၆**

အမေရိကန်နိုင်ငံ အလယ်ပိုင်းဒေသနှင့် တောင်ပိုင်းဒေသများတွင် ပြင်းထန်အားကောင်းသော မုန်တိုင်းများ တိုက်ခတ်မှုကြောင့် လေဆင်နှာမောင်း ရာနှင့်ချီ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် စံချိန်တင် ရေကြီးရေလျှံမှု ဖြစ်ပွားခြင်းများ ဖြစ်ပေါ်ခဲ့ပြီး မေ ၅ ရက်အထိ လူပေါင်း ၁၆ ဦးခန့် အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပြင်းထန်ဆိုးရွားသော ရာသီဥတုကြောင့် အမေရိကန်နိုင်ငံရှိ ပြည်နယ်ငါးခုတွင် မေ ၅ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲအထိ နေအိမ်နှင့် လုပ်ငန်းပေါင်း ၂၅၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပွားခဲ့သည်ဟု poweroutage.com တွင် ဖော်ပြထားသော အချက်အလက်အရ သိရသည်။



မေ ၂ ရက်မှ စတင်ကာ အလယ်ပိုင်းဒေသနှင့် တောင်ပိုင်းဒေသတို့တွင် လေဆင်နှာမောင်း တိုက်ခတ်ခြင်း၊ ရေကြီးရေလျှံမှု ဖြစ်ပွားခြင်းတို့ကြောင့် တင်နက်ဆီပြည်နယ်တွင် ၁၀ ဦး၊ ကင်တပ်ကီနှင့် မစ်ဇူရီပြည်နယ်တို့တွင် နှစ်ဦးစီ၊ အာကင်ဆောနှင့် အင်ဒီယားနားပြည်နယ်တို့တွင် တစ်ဦးစီ သေဆုံးမှု ဖြစ်ပွားခဲ့သည်။

မေ ၅ ရက် ညနေပိုင်းက မစ္စစ္စပီပြည်နယ် မြောက်ပိုင်းတွင် လေဆင်နှာမောင်းတစ်ခု တိုက်ခတ်ခဲ့ကြောင်း အတည်ပြုခဲ့ပြီး တင်နက်ဆီပြည်နယ်တွင်လည်း အခြား လေဆင်နှာမောင်းများ တိုက်ခတ်ခဲ့ကြောင်း သိရသည်။ ထိခိုက်ပျက်စီးမှုများနှင့် ဒဏ်ရာရရှိမှုများကို ဖော်ပြထားခြင်း မရှိပေ။

ဆင်ဟွာ

## ငါးရက်အတွင်း ပါကစ္စတန်မှ အာဖဂန်မိသားစု ၇၀၀ ကျော်ကို နှင်ထုတ်

**ကဘူးလ် မေ ၆**

လွန်ခဲ့သည့် ငါးရက်အတွင်း အာဖဂန်မိသားစု ၇၀၀ ခန့်ကို ပါကစ္စတန်က နှင်ထုတ်ခဲ့ကြောင်း ပြည်တွင်းမီဒီယာတွင် မေ ၅ ရက်က ဖော်ပြထားသည်။ ၎င်းတို့ထဲမှ အများစုမှာ အမျိုးသားများဖြစ်ကြပြီး ၎င်းတို့၏ အမျိုးသမီးများမှာ ပါကစ္စတန်တွင် ကျန်ရစ်နေခဲ့သည်။

ပါကစ္စတန်အစိုးရသည် ၂၀၂၅ ခုနှစ်တွင် အာဖဂန် သုံးသန်းခန့်ကို နေရပ်ပြန်ပို့ရန် စီစဉ်ထားသည်။ ပြည်တွင်း၌ပင် အစုလိုက် ရွှေ့ပြောင်းနေရာချထားခြင်း၊ နေရပ်ပြန်ပို့ခြင်း၊ ဖမ်းဆီးခြင်း၊ နှင်ထုတ်ခြင်း၊ ခြိမ်းခြောက်မှုနှင့် အခြားသောဖိအားပေးမှုများကို ချက်ချင်းရပ်တန့်ပေးရန် ပါကစ္စတန်ကို တိုက်တွန်းထားကြောင်း ကုလသမဂ္ဂကျွမ်းကျင်သူများက မေ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အထောက်အထားမဲ့ရွှေ့ပြောင်းနေထိုင်သူ အများစုပါဝင်သည့် အာဖဂန် ခုနစ်သန်းမှာ လက်ရှိတွင် နိုင်ငံရပ်ခြား၌ နေထိုင်နေကြသည်။ ၎င်းတို့ထဲမှ အများစုမှာ အိမ်နီးချင်းပါကစ္စတန်နှင့် အီရန်တို့တွင် နေထိုင်နေကြသည်။ အာဖဂန်ကြားဖြတ်အစိုးရသည် ပြည်ပရောက်နေသည့် အာဖဂန်ဒုက္ခသည်များကို တိုင်းပြည်ပြန်လည်ထူထောင်ရေးတွင် အထောက်အကူဖြစ်စေရေး ပြည်တွင်းသို့ပြန်လာရန် မကြာခဏ တိုက်တွန်းလေ့ရှိသည်။

ဆင်ဟွာ

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကျောက်ဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ မေ ၆**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၃ ရက် မွန်းလွဲပိုင်းက ကျောက်ဖြူမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူမြို့ ရှေးဟောင်းသမိုင်းဝင်ပေါ်တော်မူကံ့ကော်တောဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူမြို့ အစိုးရရပ်ကွက်ရှိ မင်းကျောင်းဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီ တိုက်ပွဲရှောင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။



အခမ်းအနားတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက နိုင်ငံတော်မှ ယာယီတိုက်ပွဲရှောင် တစ်ဦးလျှင် တစ်လ ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အလျဉ်းသင့်လျှင်သင့်သကဲ့သို့ ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ယာယီတိုက်ပွဲရှောင်များအနေဖြင့် အချိန်တိုအတွင်းမှာ မိမိတို့၏ မွေးရပ်ဒေသကို ပြန်လည်ရောက်ရှိပြီး အမျိုးဘာသာသာသနာ၏အကျိုးကို ဆောင်ရွက်နိုင်သူများဖြစ်ကြပါစေဟု ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂုံးချိန်ကျေးရွာရှိ ၁၃၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေး စက်ရုံစီမံကိန်း (Power China) ကုမ္ပဏီသို့သွားရောက်ပြီး စီမံကိန်းရှင်းလင်းဆောင်၌ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စီမံကိန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့်အခြေအနေ၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည့်အခြေအနေများ၊ ဒေသတွင်းလူမှုစီးပွားအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများစသည့်ကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ (ဓါတ်ပုံ)

မေ ၄ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ကျောက်ဖြူမြို့ နဂါးကျောင်းပရိယတ္တိစာသင်တိုက်၌ ကျောက်ဖြူမြို့ပေါ်ရှိ ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြပြီး ဆွမ်းဆန်တော်၊ ဆီနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြရာ နဂါးကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဇမဟာရဋ္ဌဂုရုဘဒ္ဒန္တစက္ကိန္ဒာဘိဝံသထံမှ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဒါယကာ ဒါယိကာမများ ဩဝါဒစကား နာယူကြသည်... ဆည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်ကြီးများထံသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

တင်ထွန်း (ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးထိန်လင်း (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုများရရှိရေး သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်အသီးသီးနှင့် တွေ့ဆုံ

**ရန်ကုန် မေ ၆**

(၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် အောင်မြင်မှုများ ရရှိစေရေးအတွက် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ် အသီးသီးနှင့်တွေ့ဆုံသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရန် ရက်ပေါင်း ၂၄၇ ရက်ခန့်သာ လိုတော့သည့်အတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌများအနေဖြင့် မိမိအားကစားနည်းအလိုက် ဆုတံဆိပ်များ ရရှိနိုင်ရေး၊ မိမိအားကစားနည်းအလိုက် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရရှိစေရေးအတွက် အစဉ်တစိုက် အနီးကပ်ကြပ်မတ် ကွပ်ကဲဆောင်ရွက်ပေးနိုင်ရန်နှင့် ထောက်ပံ့အားပေးမှုများကိုဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များက ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရရှိစေရေးအတွက် ကြိုးစားဆောင်ရွက်နေသည့် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❑ *ကျောဖုံးမှ*


အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ မေ ၁၁ ရက်အထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မေ ၁၂ ရက်မှ ၁၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။


**အကြံပြုချက်**


သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ယနေ့ညမှ ၁၄-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ







PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ရွှေဘိုပေါ်ဆန်းဈေးကွက်ရေရှည်တည်တံ့ဖို့ အရည်အသွေးဆက်လက်မြှင့်ကြစို့

ဇာဇာမင်း (ရွှေဘို)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ကုန်ထုတ်လုပ်မှုကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နည်းစနစ်များနဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး တခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးမူဝါဒများ၊ ရည်မှန်းချက်များ ချမှတ်ကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံဟာ တောတောင် ရေမြေရာသီဥတု အနေအထားကောင်းမွန်ပြီး စိုက်ပျိုးမြေပေါ်ကြွယ်ဝတဲ့အလျောက် ဆန်စပါးကို အဓိက စီးပွားရေးကဏ္ဍတစ်ခုအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာမှာ မြန်မာနိုင်ငံဟာ နှစ်စဉ်ကမ္ဘာ့ဆန်စပါးထုတ်လုပ်မှု အများဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်နေပါတယ်။ ဆန်စပါးဟာ မြန်မာနိုင်ငံရဲ့ အဓိကစားရေရိက္ခာဖြစ်တာနဲ့အမျှ ဆန်စပါးကို ဧရိယာအများဆုံးစိုက်ပျိုးထုတ်လုပ်နေတာဖြစ်ပါတယ်။



ရွှေဘိုဒေသထွက် ပေါ်ဆန်းစပါး စိုက်ခင်းတစ်ခုတွင် စိုက်ပျိုးရေးဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးစဉ်။

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ မိုးစပါးကို ၁၅ သန်း၊ နွေစပါး သုံးသန်း စိုက်ပျိုးထုတ်လုပ်နေတာဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးဟာ နိုင်ငံတော်ရဲ့ တတိယစပါးကျီတစ်ခုဖြစ်သလို ရွှေဘိုခရိုင်ဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ပထမစပါးကျီအဖြစ် ရပ်တည်နေပါတယ်။ ရွှေဘိုဒေသဟာ ရှေးမြန်မာမင်းတွေ လက်ထက်ကတည်းက စိုက်ပျိုးရေးကိုအဓိက လုပ်ကိုင်နေတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။

ရွှေဘိုခရိုင်အတွင်း သီးနှံစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ စပါးသီးနှံကို အဓိက စိုက်ပျိုးထုတ်လုပ်ပြီး မိုးစပါးကို နှစ်စဉ်ဧကသုံးသိန်းကျော် စိုက်ပျိုးထုတ်လုပ်ပါတယ်။ ရွှေဘိုပေါ်ဆန်းစပါးကို ဧကနှစ်သိန်းကျော် စိုက်ပျိုးနေတာဖြစ်ပါတယ်။

**ရွှေဘိုပေါ်ဆန်းစပါးမျိုး ရွှေဘိုခရိုင်သို့ စတင်ရောက်ရှိခဲ့သည့် နောက်ခံသမိုင်း**

ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ၁၉၉၇-၁၉၉၈ ခုနှစ်မှာ ရွှေဘိုမြို့နယ် သီးလုံးကျေးရွာမှ တောင်သူဦးထွန်းရီ၊ ဒေါ်ကြည်ညွှန့်တို့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဖုံလုံကျေးရွာကနေ မျိုးစပါးလေးပြည် ယူဆောင်ခဲ့ပြီး စတင်စမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှာ ရွှေဘိုပေါ်ဆန်းစပါးမျိုးဟာ ရေ၊ မြေဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ ဆန်အရည်အသွေးကောင်းတာနဲ့ စားကောင်းတာကြောင့် လူကြိုက်များလာခဲ့ရာက ဒေသခံတောင်သူတွေအချင်းချင်း မျိုးဖလှယ်ပြီးတော့ တစ်စတစ်စ ပိုမိုများပြားစိုက်ပျိုးလာကြပါတယ်။ ၂၀၀၃ ခုနှစ်မှာ ရွှေဘိုဒေသကနေ မိုးကုတ်ဒေသကို တင်ပို့ရောင်းချရာက ဈေးကွက်စတင်ဖြစ်ထွန်းလာခဲ့ပြီး ၂၀၀၅ ခုနှစ်မှာ ချီပါမျိုးသန့်ခြံမှာ စိုက်ပျိုးရေး သုတေသနဦးစီးဌာနကနေ ရွှေဘိုပေါ်ဆန်းစပါးမျိုး တင်း ၆၀၊ ၂၀၀၆ ခုနှစ်မှာ ရေဝတီတိုင်းဒေသကြီး သရေခဲချောင်း မျိုးသန့်ခြံက စပါးမျိုးတင်း ၁၅၀၊ ဖျာပုံမြို့နယ် အောက်ကွင်းကြီး စိုက်ကွင်းမှာ ၁၅ တင်း ရယူမျိုးပွားခဲ့တာကြောင့် စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးလာကြပြီး အကျိုးဆောင် တောင်သူတွေအနေနဲ့ မျိုးသန့်ပွားများရေး ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်က စတင်ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနကနေ ချီပါမျိုးသန့်ခြံမှာ နှစ်စဉ်ရွှေဘိုပေါ်ဆန်းစပါးမျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးမှုနဲ့ အခုချိန်မှာ ရွှေဘိုခရိုင်အတွင်း ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ဧရိယာအများဆုံး တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေတာကို မြင်တွေ့နေရပါတယ်။

**ရွှေဘိုပေါ်ဆန်းစပါး တိုးချဲ့စိုက်ပျိုးလာမှုနဲ့ မျိုးသန့်စိုက်ပျိုးထုတ်လုပ်ပွားများမှု**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် သီးလုံးကျေးရွာမှာ စတင်စမ်းသပ်စိုက်ပျိုးရာကနေ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာတဲ့ ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ခရိုင်အတွင်းက မျိုးသန့်ခြံတွေ၊ မျိုးစေ့ထုတ်လုပ်သူများအသင်း၊ ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီတွေ၊ အကျိုးဆောင်တောင်သူတွေ၊ တောင်သူအချင်းချင်း မျိုးဖလှယ်မှု စတဲ့နည်းလမ်းမျိုးစုံနဲ့ မျိုးသန့်နှစ်စဉ်စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး အခုချိန်မှာ ရွှေဘိုပေါ်ဆန်း အရည်အသွေးကောင်းမှ ဈေးကွက်ကောင်းရရှိမှာဖြစ်တဲ့အတွက် တောင်သူတွေကိုယ်တိုင် စိတ်ပါဝင်စားစွာ မျိုးသန့်စိုက်ပျိုးထုတ်လုပ်တာကို လုပ်ကိုင်လာနေကြပြီဖြစ်တာကြောင့် ရွှေဘိုတစ်ခရိုင်လုံး ရွှေဘိုပေါ်ဆန်းစိုက်ဧရိယာရဲ့ ၈၀ ရာခိုင်နှုန်းလောက်အထိ မျိုးသန့်လွှမ်းခြုံနေပြီပဲဖြစ်ပါတယ်။

ရွှေဘိုဒေသဟာ ရွှေဘိုပေါ်ဆန်းစပါးကို မစိုက်ပျိုးမီကာလတွေက မနော်ဟရီ၊ မနောသုခ၊ ဆင်းသိင်္ဂီ စတဲ့စပါးမျိုးတွေကို စိုက်ပျိုးခဲ့ကြပြီး အထွက်နှုန်းကောင်းပေမယ့် ဈေးကွက်ကောင်းမရရှိတဲ့အတွက် တောင်သူတွေ ဝင်ငွေအကျိုးအမြတ်ရရှိမှုနည်းပါးနေခဲ့ပါတယ်။ ရွှေဘိုပေါ်ဆန်း စတင်စမ်းသပ်စိုက်ပျိုးရာကနေ တစ်စတစ်စ တိုးချဲ့စိုက်ပျိုးလာတဲ့အတွက် အခုချိန်မှာ ဆည်ရေသောက်ဧရိယာရဲ့ ၉၀ ရာခိုင်နှုန်းခန့်ဟာ ရွှေဘိုပေါ်ဆန်းစပါးကို စိုက်ပျိုးနေကြပြီဖြစ်ပါတယ်။ ရွှေဘိုပေါ်ဆန်းစပါးမျိုးဟာ ရွှေဘိုဒေသရဲ့ ရေမြေဒေသနဲ့ ကိုက်ညီမှုရှိတဲ့အပြင် ဆည်ရေနဲ့ စိုက်ပျိုးရခြင်း၊ နေရောင်ခြည်ရရှိမှုများခြင်းတို့ကြောင့် အနံ့မွှေးပြီး နူးညံ့ပျော့ပျောင်းပြီးတော့ စားသုံးမှုအရည်အသွေးကောင်းမွန်ခြင်း၊ အစိုမပြန်အစေးမပေါက်ခြင်းနဲ့ အိုးတက်ခြင်း စတဲ့ထူးခြားကောင်းမွန်မှုတို့ကြောင့် ရွှေဘိုပေါ်ဆန်းဆန်ဟာ ဈေးကွက်ခိုင်မာလျက်ရှိနေပြီး ရွှေဘိုဒေသတောင်သူတွေရဲ့ အဓိက အားထားရာ စပါးအဖြစ် ရပ်တည်နေပါတယ်။ ရွှေဘိုပေါ်ဆန်းစပါး အထွက်နှုန်းဟာ တစ်ဧက ပျမ်းမျှ တင်း ၈၀ ထွက်ရှိနေတာဖြစ်တဲ့အတွက် ဆက်လက်တိုးချဲ့စိုက်ပျိုးဖို့ အလားအလာကောင်းတွေ ရှိနေပါတယ်။

**အထွက်နှုန်းကောင်း အရည်အသွေးကောင်းဖို့**

ရွှေဘိုပေါ်ဆန်းစပါးမျိုးဟာ ရာသီစပါးဖြစ်တဲ့အတွက် စိုက်ချိန်ကွာခြားပေမယ့် ရိတ်သိမ်းချိန်လွန်စွာ မကွာခြားတဲ့ စပါးမျိုးဖြစ်ပါတယ်။ ရွှေဘိုပေါ်ဆန်းစပါး အထွက်တိုးနည်းပညာတွေကို စနစ်တကျ လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ရွှေဘိုပေါ်ဆန်းစပါး အထွက်နှုန်းကောင်း အရည်အသွေးကောင်း ရရှိဖို့အတွက် လိုက်နာရမယ့် စိုက်ပျိုးရေးနည်းစနစ်တွေကို လက်တွေ့စနစ်တကျ လိုက်နာကျင့်သုံးကြဖို့လည်း စဉ်ဆက်မပြတ် ပညာပေး ဆောင်ရွက်နေပါတယ်။ ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်မယ်ဆိုရင် အထွက်တိုးနည်းလမ်းတွေဖြစ်တဲ့ မျိုးကောင်း၊ မျိုးသန့်စပါးကို အသုံးပြုစိုက်ပျိုးခြင်း၊ သက်တမ်းငါးလ မကျော်အောင် စိုက်ပျိုးခြင်း၊ သတ်မှတ်ကောက်ကွက် ပြည့်မီအောင် အထူး ဂရုပြု စိုက်ပျိုးခြင်း၊ ပျိုးသက်မှန်၊ လက်ဆမှန် စိုက်ပျိုးခြင်းတို့အပြင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာတွေကို အချိန်ကိုက် အချိုးကျထည့်သွင်းအသုံးပြုခြင်း စတဲ့ နည်းလမ်းငါးရပ်ကို စနစ်တကျ လိုက်နာကျင့်သုံး ဆောင်ရွက်မှသာ အထွက်နှုန်းကောင်း အရည်အသွေးကောင်းရရှိနိုင်မှာ ဖြစ်ပါတယ်။

ရွှေဘိုပေါ်ဆန်းဆန် အရည်အသွေးကောင်း ရရှိရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ဖို့ လိုအပ်တာနဲ့အမျှ ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုပေါ်ဆန်းစပါးတွေကို ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ ရိတ်သိမ်းခြွေလှေ့ပြီး အခြောက်ခံစက်တွေနဲ့ အခြောက်ခံပြီးနောက် အဆင့်မြင့်ဆန်စက်ကြီးတွေမှာ ကြိတ်ခွဲမှုကို ဆောင်ရွက်ပါတယ်။ အဆင့်မြင့်ဆန်စက်ကြီးတွေကနေ ကြိတ်ခွဲပြီးဆန်တွေကို အရည်အသွေး ပိုမိုကောင်းမွန်စေဖို့အတွက် ဆန်ရွေးစက်နဲ့ ရွေးချယ်ပြီးတော့ ရွှေဘိုပေါ်ဆန်းဆန်ကို အိုးဝင်ထူးထူးရှယ်၊ ဆန်လတ်ကြီး၊ ဆန်လုံး(အသေး)၊ ဆန်ကျော်၊ ဆန်လတ်(အသေး)နဲ့ စွန့်သန့်ဆန်တွေကို ရရှိပါတယ်။ ရရှိလာတဲ့ ဆန်ထွက်ပစ္စည်းများ အနက် အိုးဝင်ထူးထူးရှယ်တွေကို နှစ်ကီလိုအိတ်၊ လေးကီလိုအိတ်၊ ခြောက်ကီလိုအိတ်၊ ၁၂ ကီလိုအိတ်၊ ၂၄ကီလိုအိတ်နဲ့ ၄၈ ကီလိုအိတ် စတဲ့အရွယ်အစားအမျိုးမျိုးထုပ်ပိုးပြီး မြန်မာပြည်အနှံ့ ဈေးကွက်တွေကို ပို့ဆောင်ဖြန့်ဖြူးရောင်းချပေးနေပါတယ်။

**ရွှေဘိုပေါ်ဆန်းစပါး လက်ရှိအခြေအနေနှင့် နောင်အလားအလာ**

ရွှေဘိုပေါ်ဆန်းစပါးနဲ့ ဆန်တို့ရဲ့ ထူးခြားကောင်းမွန်တဲ့ လက္ခဏာနဲ့အရည်အသွေးဟာ ဒေသရေမြေရာသီဥတုနဲ့ ကိုက်ညီတာကြောင့် စပါးအထွက်နှုန်းကောင်းခြင်း၊ ဆန်ရည်ဆန်သား ကောင်းမွန်ခြင်း၊ စပါးစေ့ကြွေကျမှုနည်းတဲ့အတွက် လေလွင့်ဆုံးရှုံးမှုသက်သာခြင်း၊ ဆန်ကိုချက်ပြုတ်ရာတွင် အမြင်လှပပြီး ထမင်း အလျားရှည်သွယ်ခြင်း၊ အိုးတက်ခြင်း၊ နူးညံ့ပျော့ပျောင်းပြီး စားကောင်းခြင်း၊ အနံ့မွှေးခြင်း၊ ဈေးကွက်ခိုင်မာခြင်းတို့ကြောင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှာ ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံမှာ "ကမ္ဘာ့အကောင်းဆုံးဆန်" World Best Rice အဖြစ် ရွေးချယ်သတ်မှတ်ခံရခြင်းတို့ကြောင့် ရွှေဘိုပေါ်ဆန်းဆန်ဟာ လူသိများဈေးကွက်ဝင်ခဲ့ပါတယ်။ ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်ရာမှာလည်း မျိုးကောင်းမျိုးသန့် မျိုးစေ့တွေ အသုံးပြုပြီး မှန်ကန်တဲ့ စိုက်နည်းစနစ်တွေ၊ သွင်းအားစုတွေ စနစ်တကျအသုံးပြုစိုက်ပျိုးပြီး အထွက်နှုန်း ကောင်းတာအပြင် အရည်အသွေးပါကောင်းမွန်တဲ့ စပါးတွေရရှိဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)စနစ်ကို ဦးတည် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ရွှေဘိုခရိုင်မှာ ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားတွေ၊ ဆန်စက်လုပ်ငန်းရှင်တွေ၊ ဆန်ကုန်သည်တွေနဲ့ ဖွဲ့စည်းထားရှိပြီး ရွှေဘိုပေါ်ဆန်းဆန် (ဒေသဆိုင်ရာအညွှန်း၊ Geographical Indication-GI) ရရှိရေးလုပ်ငန်းစဉ်တွေ ပြင်ဆင်ဆောင်ရွက်နေတာဟာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး GI ရရှိဖို့ကိုလည်း အထူးအလေးထား ဆက်လက်ကြိုးပမ်းဆောင်ရွက်နေပါတယ်။

နိုင်ငံတော်အစိုးရက ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိတဲ့အပြင် ရွှေဘိုပေါ်ဆန်းဆန်ကို စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ဒေသတစ်ခု ထုတ်ကုန်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရုံသာမက ရွှေဘိုပေါ်ဆန်းဆန်ကို မြန်မာ့အမှတ်တံဆိပ်အဖြစ် ကမ္ဘာသိဖြစ်စေရေးနှင့် ရွှေဘိုပေါ်ဆန်းအရည်အသွေး ဆက်လက်မြှင့်တင်နိုင်ဖို့အတွက် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချဖို့ လုပ်ငန်း ကွင်းဆက်တစ်ခုလုံးမှာ ပါဝင်ဆောင်ရွက်နေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေအားလုံး ဝိုင်းဝန်းပူးပေါင်း ကြိုးစားဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

❖ **မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ မိုးစပါးကို ၁၅ သန်း၊ နွေစပါး သုံးသန်း စိုက်ပျိုးထုတ်လုပ်နေတာဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးဟာ နိုင်ငံတော်ရဲ့ တတိယစပါးကျီတစ်ခုဖြစ်သလို ရွှေဘိုခရိုင်ဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ပထမစပါးကျီအဖြစ် ရပ်တည်နေ**

❖ **ရွှေဘိုပေါ်ဆန်းဆန်ဟာ ဈေးကွက်ခိုင်မာလျက်ရှိနေပြီး ရွှေဘိုဒေသတောင်သူတွေရဲ့ အဓိကအားထားရာ စပါးအဖြစ် ရပ်တည်နေပါတယ်။ ရွှေဘိုပေါ်ဆန်းစပါး အထွက်နှုန်းဟာ တစ်ဧက ပျမ်းမျှ တင်း ၈၀ ထွက်ရှိနေတာဖြစ်တဲ့အတွက် ဆက်လက်တိုးချဲ့စိုက်ပျိုးဖို့ အလားအလာကောင်းတွေရှိ**

# အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် ပန်းပျိုးလက်များ

*ကျေးလက် ညီညို*

- **မိမိရောက်ရှိနေသော အနေအထားတွင် အကောင်းဆုံးကြိုးစားဖို့သာ အဓိက ကျကြောင်း၊ မပြည့်စုံသည့်ဘဝပေးအခြေအနေကို မကျေမနပ်ဖြစ်နေရန် မလိုဘဲ မပြည့်စုံ၍ ပို၍ကြိုးစားရမည်ဟူသည့်အသိနှင့် ကြိုးစားမှုသာ မိမိဘဝမြင့်သည်ထက် မြင့်လာမည်ဖြစ်ပြီး အစဉ်အမြဲလက်ရှိအခြေအနေတွင် ကျေနပ်မနေဘဲ ကြိုးစားနေကြရပါမည်**
- **ဝန်ထမ်းဖြစ်စေ၊ ပြင်ပပုဂ္ဂလိကလုပ်ငန်း၊ ကုမ္ပဏီများ၊ NGOs/INGOs များတွင် ဆောင်ရွက်သူဖြစ်စေ မိမိအလုပ်ကို တန်ဖိုးထား၍ စိတ်ကောင်းစေတနာထား၍ ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်သလို မိမိသားသမီးများကိုလည်း အမြဲကြိုးစားသင်ယူလေ့လာရန် ရသမျှအနေအထားတွင် ရောင့်ရဲတင်းတိမ်၍ ခံနိုင်ရည်ရှိသည့် ပစ်တိုင်းထောင်များဖြစ်အောင် လေ့ကျင့်ပေးကြဖို့ လိုအပ်**

ကျွန်မသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သည့် အားလျော်စွာ မိမိကဏ္ဍလုပ်ငန်းများအတွက် တာဝန်ယူဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအရ ခန့်ထားသည့် ဝန်ထမ်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရသည်များ ရှိသလို အဓိကအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စသည့် ဒေသများသို့လည်း အခါအားလျော်စွာ ကွင်းဆင်းဆောင်ရွက်ရပါသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရင်း ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် မိသားစုအခက်အခဲ၊ လူမှုရေးအခက်အခဲ၊ ဒေသအခက်အခဲ၊ လုပ်ငန်းများဆောင်ရွက်ရင်း တွေ့ကြုံရသည့် အခက်အခဲများ တင်ပြရာတွင် ချက်ချင်းဆောင်ရွက်၍ရသည်ကို ဆောင်ရွက်ပေးပြီး ဆောင်ရွက်၍ မရသည်ကို မိမိဦးစီးဌာနဖြစ်သည့် ကျေးလက်ဦးစီးဌာနရုံးချုပ်သို့ တင်ပြပြီး လိုအပ်ပါက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်ပေးရပါသည်။ တင်ပြချက်အမျိုးမျိုးထဲမှ မိသားစုအခက်အခဲထဲတွင် မိမိသားသမီးများအတွက် ကိုယ်ပိုင်ကျောင်းများတွင် မထားနိုင်၍ စိတ်မကောင်းဖြစ်နေသော မိဘများကို တွေ့ရသဖြင့် ဤဆောင်းပါး ရေးသားရန် အကြောင်းဖန်လာခြင်းဖြစ်သည်။

သားသမီးကို အကောင်းဆုံးဆောင်ရွက်ပေးလိုသည်မှာ မိဘတိုင်း၏ ဆန္ဒဖြစ်ပါသည်။ လူတစ်ဦးနှင့် တစ်ဦး ဘဝအကျိုးပေးချင်း မတူညီကြသဖြင့် မိဘတိုင်းဆောင်ရွက်ပေးနိုင်စွမ်း မတူညီကြသလို ထိုမိဘများ၏ သားသမီးများသည်လည်း သူ့အကျိုးပေးနှင့်သူ ဖြစ်သည်။

**ကြိုးစားရန်းကန်ခြင်းဖြင့် အောင်မြင်မှုရရှိစေ**

သို့ရာတွင် အဆင်မပြေမှု၊ အခက်အခဲရင်ဆိုင်ရမှုသည် တစ်ခါတစ်ရံတွင် ရင်ဆိုင်ရသည့် မိဘနှင့် သားသမီးတို့အတွက် ရင်ဆိုင်နိုင်စွမ်းအား တုံ့ပြန်စွမ်းအားကို ရရှိစေပါသည်။ positive thinking အကောင်းမြင်အယူအဆနှင့် ဤအခက်အခဲအား ကျော်လွှားရန် မိဘကိုယ်တိုင် ပြင်ဆင်ထားရမည်ဖြစ်သကဲ့သို့ သားသမီးကိုလည်း ကြိုးစားရန်းကန်ခြင်းဖြင့် အောင်မြင်မှုရရှိစေလိုသည့် စိတ်ဓာတ်မွေးမြူလေ့ကျင့်ပေးရမည်ဖြစ်သည်။

ဤနေရာတွင် ကျွန်မ၏ မိဘများမှ သားသမီးများအား ပြုစုပျိုးထောင်မှုကို သာဓကအနေဖြင့် ဖော်ပြ၍ မိမိ၏ ဝန်ထမ်းများကိုလည်း ချပြဆွေးနွေးဖြစ်ပါသည်။ ကျွန်မ၏ မိဘများအနေဖြင့် ရိုးသားစွာ ဝန်ထမ်းဘဝဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုပြီး ရိုးရိုးသားသား ရှာဖွေရရှိသည့်ငွေဖြင့် သားသမီးများကို ကျွေးမွေးခြင်း၊ ပညာသင်ပေးခြင်းတို့အပြင် စိတ်ရင်းစေတနာကောင်းမွန်စွာဖြင့် နေထိုင်နည်းကို အနီးကပ်သင်ကြား လေ့ကျင့်ပေးရင်း အမြဲတမ်းကြိုးစားရန် မိမိဘဝ မိမိကျေနပ်ရန် ပျိုးထောင်ပေးခဲ့ပါသည်။

ကျွန်မ၏ဖခင်သည် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သည့်အားလျော်စွာ နေရာဒေသ တော်တော်များများသို့ ပြောင်းရွှေ့ခဲ့ရပါသည်။ ပြောင်းရွှေ့ရာဒေသသို့ နေရာမရွေးလိုက်ပါခဲ့သူမှာ ကျွန်မ၏ မိခင်ဖြစ်ပြီး ဒေသတစ်ခုရောက်တိုင်း ဒေသ၏ ဓလေ့ရိုးရာထုံးစံ သဘာဝအလှအပများကို စိတ်ဝင်စားစွာ လေ့လာမှတ်သားသူက မိခင်ဖြစ်ပြီး သားသမီးများအားလုံးလည်း ထိုအလေ့အကျင့်ရခဲ့ပါသည်။ နေရာဒေသအသစ်သို့ သွားရောက်လိုသော ဆန္ဒကား မိသားစုဝင်အားလုံး တူညီပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့သို့ ကျွန်မ၏ဖခင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စဉ် ကျွန်မက နဝမတန်း၊ ဒုတိယညီမက သတ္တမတန်း၊ တတိယညီမက စတုတ္ထတန်း၊ စတုတ္ထ ညီမက ဒုတိယတန်းအသီးသီး တက်ရောက်ခဲ့ပါသည်။ ထိုစဉ်က ကွန်ဟိန်းမြို့တွင် တွဲဖက် အထက်တန်းကျောင်းသာရှိခဲ့ပြီး အလယ်တန်း၊ အထက်တန်းကျောင်းသား တော်တော်များများသည် တောင်ကြီးမြို့၊ မန္တလေးမြို့၊ ရန်ကုန်မြို့ စသည်ဖြင့် သွားရောက်ပညာသင်ကြားခဲ့ကြပါသည်။ အထူးသဖြင့် တောင်ကြီးမြို့ ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းအိပ်ကျောင်းစားနေကြသည်က များပြားပါသည်။

ကျွန်မတို့အနေဖြင့် ရောက်သည့်နေရာတွင် အကောင်းဆုံးကြိုးစားဖို့သာ ခံယူချက်ထား၍ အလယ်တန်းပြဆရာမမှ တွဲဖက်အထက်တန်းတွင် သင်ပေးရသော ဆရာ ဆရာမများ၊ ပြင်ပခန့် ဆရာများ၏ သင်ယူမှုဖြင့် သင်ကြားဖြေဆိုခဲ့ကြပါသည်။ ထိုစဉ်က အခြားဒေသ ကိုယ်ပိုင်ကျောင်းများတွင် သွားရောက်ပညာသင်ကြားခဲ့ကြသော်လည်း အခြေခံအထက်တန်း အောင်မြင်သူများ ရှိသလို ကျရှုံးသူများလည်း ရှိခဲ့ပါသည်။

ကျွန်မအနေဖြင့် ကွန်ဟိန်းမြို့တွဲဖက် အထက်တန်းကျောင်းမှ ဒသမတန်း ဝင်ရောက်ဖြေဆိုခဲ့ပြီး နှစ်ချင်းပေါက်အောင်မြင်ခဲ့ကာ ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိခဲ့ပြီး ၁၉၈၈ ခုနှစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် စာရင်းစစ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်၌ စည်ပင်သာယာရေးဦးစီးဌာနမှ ခေါ်ဆိုသည့် ဒုတိယဦးစီးမှူး ရာထူးဝင်ရောက်ဖြေဆိုကာ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ မိမိ၏ ကြိုးစားမှုဖြင့် အဆင့်ဆင့်ရာထူးတိုးမြှင့်၍ ယနေ့ထိ ကြိုးစားဆောင်ရွက်နေကြောင်း ချပြရှင်းလင်းခဲ့ပါသည်။

ကျွန်မတို့ မိသားစုကိုယ်တွေ့ ဖြစ်စဉ်များအား ရှင်းလင်းချပြခဲ့ရသလို ရုံးချုပ်ရှိ အနီးစပ်ဆုံးဝန်ထမ်းများကို ကြုံရင်ကြုံသလို ဝန်ထမ်းနှစ်ဦး၏ ကြိုးစားဆောင်ရွက်မှုများအား စံနမူနာအဖြစ် ဖော်ပြ၍ ၎င်းတို့ကဲ့သို့ ကြိုးစားရန်လည်း အားပေးခဲ့ရပါသည်။ အထူးသဖြင့် အဝေးသင်တက္ကသိုလ်ဖြင့် ဘွဲ့ရ ဝန်ထမ်းများကို ချပြရှင်းလင်းခဲ့ခြင်းဖြစ်သည်။

အမြဲတမ်း ကြိုးစားသင်ယူလေ့လာမှုများကြောင့် အောင်မြင်မှုရနေသည့် မိမိနီးစပ်ရာ ဌာနနှစ်ခု အဆင့်မြင့်အရာထမ်း နှစ်ဦးအနက် တစ်ဦးမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊စည်ပင်သာယာရေးဦးစီးဌာနတွင် စာရေး (၁) အဖြစ် အလုပ်စတင်ဝင်ရောက်ခဲ့သူ၊ လက်ရှိတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်နေသူ တစ်ဦးဖြစ်ပါသည်။ ၎င်းအနေဖြင့် အဝေးသင်တက္ကသိုလ်တက်ရင်း အလုပ်ဝင်ရောက်ခဲ့ပြီး ဘွဲ့ရပြီးသောအခါ ၎င်း၏ ကြိုးစားမှုများကြောင့် လုပ်ငန်းခွင်မှပင် ထိုင်းနိုင်ငံတွင် ဖွံ့ဖြိုးရေးဘာသာရပ်ဖြင့် မဟာဘွဲ့ယူခဲ့ပြီး PhD ဘွဲ့ကိုလည်း ထိုင်းနိုင်ငံတွင် ထပ်မံရယူခဲ့ပါသည်။

ဌာနတွင်း လုပ်ငန်းများတွင် အဆင့်ဆင့် ကြိုးစားမှုများကြောင့် အသက် ၄၀ တွင် ညွှန်ကြားရေးမှူးရာထူးအထိ ရာထူးတိုးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီမံကိန်းရေးဆွဲရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနတွင် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် အတွေ့အကြုံများအပေါ် အခြေခံကာ စီမံကိန်းဒီဇိုင်းများ ရေးဆွဲခြင်း၊ တီထွင်ဆန်းသစ်ခြင်းတို့ဖြင့် လုပ်ငန်းများတွင် အဓိက ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယတစ်ဦးမှာ ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် တစ်ဦး ဖြစ်ပါသည်။ အဝေးသင်တက္ကသိုလ် မော်လမြိုင်မှ ဥပဒေဘွဲ့ရရှိခဲ့ပြီး အဝေးသင်တက်ရောက်စဉ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အငယ်တန်းစာရေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ဥပဒေဘွဲ့ရရှိပြီး ဥပဒေအရာရှိအဆင့် (၄) ဖြေဆိုအောင်မြင်ကာ ဒုတိယမြို့နယ် ဦးစီးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်သို့ ပြောင်းရွှေ့ရောက်ရှိကာ ပညာသင်ဆု ဝင်ရောက်ဖြေဆိုရင်း ဂျပန်နိုင်ငံသို့ မဟာဘွဲ့ သွားရောက်ပညာသင်ကြားခွင့်ရခဲ့ပါသည်။ ဂျပန်နိုင်ငံမှ ဥပဒေမဟာဘွဲ့ရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ PhD ဘွဲ့ရရှိခဲ့ပါသည်။ ထိုမှအဆင့်ဆင့် ရာထူးတိုးမြှင့်ခဲ့ရာ ယခုဆိုလျှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးအထိ ရောက်ရှိခဲ့ပါသည်။

**တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားမှုကြောင့် မှန်းမထားနိုင်သည့် ရာထူးသို့ ရောက်ရှိလာ**

၎င်းတို့အနေဖြင့် ဘွဲ့အနေအထားအရစိတ်ဓာတ်ကျနေပါက ဤသို့ဖြစ်လာနိုင်စရာအကြောင်း မရှိပါ။ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားမှုကြောင့် မှန်းမထားနိုင်သည့် ရာထူးသို့ ရောက်ရှိလာသည်ကို နီးစပ်ရာ မိမိဝန်ထမ်းများသို့ ရှင်းလင်းချပြခဲ့ရပါသည်။

သို့ဖြစ်ရာ မိမိရောက်ရှိနေသော အနေအထားတွင် အကောင်းဆုံးကြိုးစားဖို့သာ အဓိကကျကြောင်း၊ မပြည့်စုံသည့်ဘဝပေးအခြေအနေကို မကျေမနပ်ဖြစ်နေရန်မလိုဘဲ မပြည့်စုံ၍ ပို၍ ကြိုးစားရမည်ဟူသည့် အသိနှင့် ကြိုးစားမှုသာ မိမိဘဝမြင့်သည်ထက် မြင့်လာမည်ဖြစ်ပြီး အစဉ်အမြဲလက်ရှိအခြေအနေတွင် ကျေနပ်မနေဘဲ ကြိုးစားနေကြရပါမည်။

အကျဉ်းချုပ် တင်ပြလိုသည်မှာ ဝန်ထမ်းဖြစ်စေ၊ ပြင်ပပုဂ္ဂလိက လုပ်ငန်း၊ ကုမ္ပဏီများ၊ NGOs/INGOs များတွင် ဆောင်ရွက်သူဖြစ်စေ မိမိအလုပ်ကို တန်ဖိုးထား၍ စိတ်ကောင်းစေတနာထား၍ ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်သလို မိမိ သားသမီးများကိုလည်း အမြဲကြိုးစား သင်ယူလေ့လာရန် ရသမျှအနေအထားတွင် ရောင့်ရဲတင်းတိမ်၍ ခံနိုင်ရည်ရှိသည့် ပစ်တိုင်းထောင်များဖြစ်အောင် လေ့ကျင့်ပေးကြဖို့ လိုအပ်ပါကြောင်း၊ မိမိဝင်ငွေ အတိုင်းအတာနှင့် ချင့်ချိန်၍ ညီညွတ်မျှတအောင် ဆောင်ရွက်သင့်ပါကြောင်း အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် မျိုးဆက်သစ်များ မွေးထုတ်နိုင်ရေး ရည်ရွယ်ရေးသား ဖော်ပြလိုက်ရပါသည်။ ။

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။


(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှု ဘဝကို ထိခိုက်စေနိုင်ခြင်း။

# ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။




၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင်ထားပါ။

၂

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။




၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။




၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။




၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

## ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၆

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရမည်းသင်းမြို့ရှိ ငလျင်ဘေးဒဏ်သင့်ကျောင်းများသို့ ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား နှစ်သိမ့်အားပေးထောက်ပံ့

**နေပြည်တော် မေ ၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မကြာမီက အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီးနှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့ရသော ရမည်းသင်းမြို့ရှိ နည်းပညာတက္ကသိုလ် (ရမည်းသင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)တို့သို့ ယနေ့တွင်ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများကို အားပေးထောက်ပံ့သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါ နည်းပညာတက္ကသိုလ်နှင့် သိပ္ပံတို့တွင် အဆောက်အအုံပျက်စီးမှု၊ ပြန်လည်ပြုပြင်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ လျင်မြန်စွာ အကဲဖြတ်စစ်ဆေးမှုပုံစံအဆင့် ၁ (Level-1 Rapid Evaluation Safety Assessment Form) ဖြင့် စစ်ဆေးမှုဆိုင်ရာ နည်းပညာအချက်လက်များကို တာဝန်ရှိသူများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ငလျင်ဒဏ်သင့် ပင်မစာသင်ဆောင်၊ စာသင်ခန်းများ၊ ပုံဆွဲခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများ၊ ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသားအိပ်ဆောင်များသို့ သွားရောက်ပြီး သာမန်အဆင့် ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများ၊ ပြိုကျပျက်စီးမှုနှင့် အကြီးစားပြုပြင်ရန် လိုအပ်မှုအခြေအနေများ၊ Geotechnical Hazard ကြောင့် Soil Test စစ်ဆေးရန် လိုအပ်မှုအခြေအနေများကို တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေး၍ လာမည့်ဇွန်လ ကျောင်းဖွင့်ချိန်၌ ကျောင်းလုပ်ငန်းများ အဆင်ပြေပြေ ဆောင်ရွက်နိုင်အောင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လတ်တလော ပြုပြင်ရေးလုပ်ငန်းများ၊ သတ်မှတ်ကာလအတွင်း ပြုပြင်ရေးလုပ်ငန်းများ၊ ရေရှည်တွင် ငလျင်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရေးနှင့် ထိခိုက်မှုလျော့နည်းအောင် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




ထို့နောက် ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များကို လိုက်လံနှစ်သိမ့်အားပေးကာ ယာယီနေထိုင်စားသောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ လက်ဝယ်အရောက် ထောက်ပံ့ငွေများ၊ ဆန်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝမ်းတွင်းမြို့နယ်၌ လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြု

**ဝမ်းတွင်း မေ ၆**

ဝမ်းတွင်းမြို့နယ်အတွင်း အများပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ပြန်လည်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့သော တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ကျင်းပသည်။

မတ်လအတွင်းက လှုပ်ခဲ့သော မြေငလျင်ကြောင့် ဝမ်းတွင်းမြို့နယ်၌ လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ရာ လျှပ်စစ်ဓာတ်အား ပုံမှန်သုံးစွဲနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ပေးခဲ့ကြသော ခရိုင်လျှပ်စစ်မန်နေဂျာ(အင်/ယာ) ဦးယုမော်၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဦးဝင်းနိုင်ဦး(မန်နေဂျာ အင်/ယာ)အဖွဲ့၊ AG လျှပ်စစ်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ဝေဟန်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းဇော်မြင့်တို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**ပုသိမ် မေ ၆**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ပြုလုပ်သည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်ခင်နွယ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုပြသပြီး တိုင်းဒေသကြီး ဥပဒေအရာရှိက ဒုတိယရှေ့နေချုပ်နှင့် ဒုတိယဝန်ကြီး၏ မှာကြားချက်များ၊ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဟင်္သာတ၊ မအူပင်၊ ဖျာပုံ၊ ပုသိမ်၊ မြန်အောင်၊ ကျုံပျော် ခရိုင်တို့မှ ခရိုင်ဥပဒေအရာရှိများက ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၏ မှာကြားချက်များကို ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများက ဆွေးနွေးတင်ပြကြကာ တိုင်းဒေသကြီး ဥပဒေချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ရန်ကုန်မြစ်ချောင်းများ ရေသယံဇာတ ညစ်ညမ်းမှုမဖြစ်ရေး ရေဆိုးသန့်စင်စက်ရုံများတိုးချဲ့တည်ဆောက်ပြီး ရေဆိုးများ သန့်စင်စွန့်ပစ်လျက်ရှိ

**ရန်ကုန် မေ ၆**

ရန်ကုန်မြို့တော်တွင် နေထိုင်သော ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်နိုင်ရေး၊ ရေထု၊ လေထု၊ မြေထု ညစ်ညမ်းမှုမရှိစေရေးနှင့် ရေဆိုးစွန့်ပစ်သည့် မိလ္လာကန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် (ရေဆိုးစွန့်ပစ်မှု စနစ်စီမံခန့်ခွဲမှု) အောင်ဇေယျရေဆိုးသန့်စင်စက်ရုံကို အင်းစိန်မြို့နယ်၌ ထပ်မံတိုးချဲ့တည်ဆောက်အသုံးပြုလျက်ရှိသည်။

အဆိုပါ ရေဆိုးသန့်စင်စက်ရုံသည် အင်းစိန်မြို့နယ် အောင်ဇေယျတံတားအနီး လှိုင်မြစ်ကမ်းနှင့် ကပ်လျက် တည်ဆောက်ပေးထားသည့်အတွက် မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်စသည်မှ ထွက်ရှိသော မိလ္လာရေဆိုးများကို ခေတ်မီနည်းစနစ်များဖြင့် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ သန့်စင်ပြီး ရေကြည်များကို မြစ်ချောင်းများထဲသို့ စွန့်ပစ်ခြင်းဖြင့် ရေသယံဇာတအရင်းအမြစ်များ ညစ်ညမ်းမှုကို ကာကွယ်နိုင်မည်ဖြစ်သည်။

ယခု အသုံးပြုလျက်ရှိသော အောင်ဇေယျရေဆိုး သန့်စင်စက်ရုံ အဆင့်မြင့်စွမ်းရည်ပြည့်ထုတ်လုပ်နိုင်ရန်အတွက် လွန်ခဲ့သော နှစ် ၂၀ ကျော်က တည်ဆောက် အသုံးပြုလျက်ရှိသော သန်လျက်စွန်း ရေဆိုးသန့်စင်စက်ရုံ၏ အားနည်းချက်များကို ဖယ်ရှားပြီး အားသာချက်များကို တုပနမူနာပြုတည်ဆောက်ထားသည့် ခေတ်မီစက်ရုံတစ်ရုံဖြစ်သည်။



လှိုင်မြစ်ကမ်းနားအနီး ခေတ်မီရေဆိုးသန့်စင်စက်ရုံကို တွေ့ရစဉ်။

ယခင်က ဗိုလ်တထောင်မြို့နယ်၌ ၂၀၀၃ ခုနှစ်မှ စတင်တည်ဆောက်ပြီး လမ်းမတော်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်နှင့် ဒဂုံမြို့နယ် တစ်စိတ်တစ်ပိုင်းအတွက် သန်လျက်စွန်းရေဆိုးသန့်စင်စက်ရုံမှ နေ့စဉ် လူဦးရေ ၂၄၀၀၀၀ စွန့်ပစ်သော ရေဆိုးဂါလန် ၃ ဒသမ ၂၅ သန်းကို သန့်စင်စွန့်ပစ်လျက်ရှိသည်။

ယခုအခါ အင်းစိန်မြို့နယ် အောင်ဇေယျရေဆိုးသန့်စင်စက်ရုံကို တိုးချဲ့တည်ဆောက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေပေးဝေရေးလုပ်ငန်းများ စနစ်တကျအောင်မြင်စေရေး၊ မြို့ပြရေလွှမ်းမိုးမှုထိန်းချုပ်နိုင်ရေး၊ ရေဆိုးနှင့် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲစွန့်ပစ်နိုင်ရေးအပြင် မိလ္လာပြွန်၊ မိလ္လာကန်၊ ရေလောင်းအိမ်သာ၊ ယင်လုံအိမ်သာ သမားရိုးကျအိမ်သာစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြစီမံကိန်းများ တိုးတက်အောင်မြင်ရေး စည်ပင်သာယာ နယ်နိမိတ် ၃၃ မြို့နယ်အတွင်း ဇုန်စနစ်များ ဆက်လက်တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောသိန်းဝင်း**

# ငလျင်အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပါဝင်ကူညီဆောင်ရွက်

**နေပြည်တော် မေ ၆**

ပြင်းထန်သော မြေငလျင်လှုပ်ခတ်ခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) တို့တွင် ကြက်ခြေနီစေတနာလုပ်အားရှင်များက ငလျင်လှုပ်ခတ်မှု စတင်ဖြစ်ပွားခဲ့သော မတ် ၂၈ ရက်မှစတင်ကာ သက်ဆိုင်ရာကြက်ခြေနီ ကြီးကြပ်မှုကော်မတီများ၏ ဦးဆောင်မှုဖြင့် ဒေသခံ ကြက်ခြေနီများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပါဝင်ကူညီပေးလျက်ရှိသည်။



မန္တလေးမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်စဉ်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၏ ဦးဆောင်မှုဖြင့် မြေငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှု အန္တရာယ် ပိုမိုခံစားခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရန် မေ ၁ ရက်မှစ၍ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ အသင်းဌာနမှ ဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများဖက်ဒရေးရှင်းနှင့် မိတ်ဖက်အမျိုးသားအသင်းများမှ တာဝန်ရှိသူများ ပါဝင်သော deployment team အဖွဲ့က သွားရောက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



နေပြည်တော် ယာယီဆေးရုံ (ပေါင်းလောင်း) ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်စဉ်။

**ပြည်ထောင်စုနယ်မြေ နေပြည်တော်**

အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေး ဦးဆောင်ကာအသင်း၏ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းဟန်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ကြက်ခြေနီစေတနာ လုပ်အားရှင်များသည် နေပြည်တော်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဝင်များ၊ နေပြည်တော် ကြက်ခြေနီ စေတနာလုပ်အားရှင်များနှင့်အတူ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရသူများကို ဆေးထည့်ပေးခြင်း၊ ရှေးဦး ပြုစုပေးခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ဆေးရုံသို့ ပို့ဆောင်ပေးခြင်း၊ အောက်ဆီဂျင်အိုးများ သယ်ယူပို့ဆောင်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေး ခြင်း၊ အစားအစာများဝေပေးခြင်း၊ မိသားစုပြန်လည် ဆက်သွယ်ပေးရေး အသိပညာပေး လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခြင်း၊ ရေဖြန့်ဝေပေးခြင်း များကို အားဖြည့်ပါဝင်ကူညီပေးလျက်ရှိသည်။

**မန္တလေး**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အလုပ်အမှု ဆောင်ပါမောက္ခ ဒေါက်တာ ဒေါ်ရီရီတင်ဦးဆောင်ကာ အသင်း၏ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးသီတာဝင်းနှင့်အတူ ဧရာဝတီ တိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင် များသည် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဝင်များ၊ ကြက်ခြေနီစေတနာ လုပ်အားရှင်များနှင့်အတူ မန္တလေးမြို့နှင့် အမရပူရ မြို့တို့တွင် ရွှေ့လျားဆေးကုခန်းများ ဖွင့်လှစ်ကာ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ယာယီ ရွက်ဖျင်တဲများ ဆောက်လုပ်ပေးခြင်း၊ သောက်သုံးရေ ဖြန့်ဝေပေးခြင်း၊ ဘေးကင်းရာနေရာသို့ ရွှေ့ပြောင်း ပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိ သည်။



တောင်ငူမြို့၌ ကူညီကယ်ဆယ်ရေး ဆောင်ရွက်စဉ်။

**စစ်ကိုင်း**

မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှု ဆောင် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်၏ ဦးဆောင်မှုဖြင့် စီမံချက်လုပ်ငန်းများ စီမံခန့်ခွဲမှုယူနစ် ညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်းနှင့် မကွေးတိုင်း ဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များ သည် စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင် များနှင့်အတူ စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် အကူအညီပေးခြင်း၊ အပျက်အစီးများ ရှင်းလင်းခြင်း၊ ကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ပါဝင်ကူညီပေးခြင်း၊ ရေဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် ငလျင်ဒဏ်သင့်ပြည်သူများ၏ လိုအပ် ချက်များကို လေ့လာဆန်းစစ်ကာ အကူအညီများ ဆက်လက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။



စစ်ကိုင်းမြို့၌ ကူညီကယ်ဆယ်ရေး ဆောင်ရွက်စဉ်။

**ပဲခူးတိုင်း (အရှေ့) နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)**

ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့သည့် ပဲခူးတိုင်းဒေသ ကြီးအတွင်းရှိ ဖြူး၊ တောင်ငူ၊ အုတ်တွင်းနှင့် ရေတာ ရှည် မြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ညောင်ရွှေမြို့နယ်တို့၌ အသင်းခွဲကြက်ခြေနီ စေတနာလုပ်အားရှင်များက ငလျင်ကြောင့် ထိခိုက် ခံစားရသူများအား ကူညီကယ်ဆယ်မှုများကို အချိန် နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ထို့အပြင် ကရင်ပြည်နယ်မှ deployment team ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ဖြူး မြို့နယ်၊ ရေတာရှည်မြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ်တို့တွင် ကနဦးဆန်းစစ်မှုများကို သွားရောက်လုပ်ကိုင်ခဲ့ကြပြီး အသင်း၏ အလုပ် အမှုဆောင် ပါမောက္ခဒေါက်တာဒေါ်မြသူ၏ ဦးဆောင် မှုဖြင့် ရှေးဦးပြုစုခြင်းနှင့်အန္တရာယ်ကင်းရှင်းရေးဌာန ညွှန်ကြားရေးမှူး ဦးမြတ်မင်းနိုင်နှင့်အဖွဲ့သည် အဆိုပါ မြို့နယ်များအတွက် လိုအပ်သည်များကို ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့်တွေ့ဆုံ၍ ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက် သွားမည်ဖြစ်သည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေ မြို့သို့လည်း ဆက်လက်သွားရောက်ကာ ရှမ်းပြည် နယ် (တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီ နှင့်တွေ့ဆုံ၍ ကူညီဆောင်ရွက်မည့် အစီအစဉ်အတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ ကြက်ခြေနီဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင် စေတနာလုပ်အားရှင်များ၏ စွမ်းအားဖြင့် နိုင်ငံတကာနှင့် ပြည်တွင်း ပြည်ပအလှူရှင် များ၏ လှူဒါန်းမှုများနှင့်အတူ ငလျင်ဒဏ်သင့် ပြည်သူများအတွက် လူသားချင်းစာနာထောက်ထား သည့် အကူအညီများကို ကြက်ခြေနီအခြေခံမူများ နှင့်အညီ ဆက်လက်ကူညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ခံစားခဲ့ရသည့် မန္တလေးနှင့် ပျော်ဘွယ်မြို့တွင် မြန်မာဘောလုံး မိသားစုက ကူညီလှူဒါန်း

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အမှုဆောင်များ၊ နည်းပြ များ၊ ကစားသမားဟောင်းများ၊ ဒိုင်လူကြီးများ၊ MFF နှင့် MNL ဝန်ထမ်းများပါဝင်သည့် မြန်မာ ဘောလုံး မိသားစုသည် ငလျင် ဒဏ်ခံစားခဲ့ရသည့် ဒေသများတွင် သွားရောက်ကူညီလှူဒါန်းလျက် ရှိပြီး ယနေ့တွင် မန္တလေးနှင့် ပျော်ဘွယ်မြို့၌ ကူညီလှူဒါန်း ခဲ့သည်။

မြန်မာဘောလုံး မိသားစု သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မန္တလေးအရိုးဆေးရုံ ကြီးသို့ ကျပ်သိန်း ၅၀၊ လူနာများ အား တစ်ဦးလျှင် ကျပ်ငါးသောင်း စီဖြင့် လူနာ ၄၉ ဦးအတွက် လှူဒါန်းသည်။ ယင်းနောက်ငလျင် ဘေးကြောင့် ကွယ်လွန်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဘောလုံး သမားဟောင်း ဦးစိန်ဝင်းကြီး နေအိမ်သို့ သွားရောက်ဂါရဝပြု ဆုတောင်းခဲ့ပြီး ကျန်ရစ်သူ မိသားစုအား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဘောလုံးမိသားစု က ကျပ် ၅၅ သိန်း လှူဒါန်းခဲ့ သည်။ မြန်မာဘောလုံး မိသားစု သည် မန္တလေးမြို့မှတစ်ဆင့် ပျော်ဘွယ်မြို့သို့ သွားရောက်ပြီး မြို့ကန်ဦးကျောင်းတိုက် ကူညီ ကယ်ဆယ်ရေး လုပ်ငန်းများ အတွက် ကျပ်သိန်း ၁၀၀ ကူညီ လှူဒါန်းသည်။

မြန်မာဘောလုံးမိသားစုသည် ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသ များတွင် ဆက်လက်ကူညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ – MFF**



# ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်း နေပြည်တော်ရှိ ငလျင်ဘေးသင့်ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ဆန်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်း



**နေပြည်တော် ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်း နာယက ဒေါ်ကြည်ကြည်ထွန်း ဦးဆောင်သော အဖွဲ့သည် ယနေ့တွင် နေပြည်တော်ရှိ ငလျင်ဘေးသင့်ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ဆန်နှင့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း**

ဦးစွာ နာယကနှင့်အဖွဲ့သည် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၊ သာသနပါလ ဓမ္မရိပ်သာ မြိတ်ကျောင်းနှင့် အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ယာယီနေထိုင်လျက်ရှိသည့် ငလျင်ဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံမှ ဘေးသင့်လူနာများအား လည်းကောင်း၊ ရန်အောင်မြင်ရွှေလက်လှ ဓမ္မာရုံရှိ ဘေးသင့်ပြည်သူများအား လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း ဆန်နှင့် စားသောက်ဖွယ်ရာများ သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စင်ကာပူနိုင်ငံ Singapore Civil Defence Force မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၆**

အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် မတ် ၂၈ ရက်တွင် နေပြည်တော်ရှိ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက် ခဲ့ရာတွင် ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ နည်းပညာရပ်များနှင့် ရှာဖွေကယ်ဆယ်ရေးခွေးများ စသည်တို့ကို တစ်ပါတည်းယူဆောင်ကာ မြန်မာနိုင်ငံရှိ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပိုမိုထိရောက်စွာ ပါဝင်ကူညီဆောင်ရွက်ခဲ့ရာ စင်ကာပူနိုင်ငံမှ Singapore Civil Defence Force/ Operation Lionheart Contingent အဖွဲ့အား COL Tay Zhi Wei ဦးဆောင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ Commander တစ်ဦး၊ Medical Doctor နှစ်ဦး၊ Parmedic လေးဦး၊ Structural Engineer နှစ်ဦး၊ Rescuer ၆၉ ဦး၊ Liaison နှစ်ဦး၊ စုစုပေါင်း ၈၀၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံး ခွေး လေးကောင်တို့ဖြင့် မတ် ၂၉ ရက် ညနေ ၄ နာရီခွဲတွင် ရောက်ရှိခဲ့ပြီးနောက် ဆက်လက်ထွက်ခွာလာရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စင်ကာပူအဖွဲ့အနေဖြင့် မတ် ၂၉ ရက် ညပိုင်းမှစ၍ နေပြည်တော်နှင့် ပျဉ်းမနားမြို့တို့တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် Life Sign



Assessment ဆောင်ရွက်ပေးခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းက ၎င်းတို့တပ်ဖွဲ့မှ ယူဆောင်လာသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများထဲမှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာ အမျိုးအစား ၁၁ မျိုးအား မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအသုံးပြုနိုင်ရေးအတွက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ စင်ကာပူနိုင်ငံ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပစ္စည်းစာရင်း အသေးစိတ်**

၁။ Festival dome/shade ၆ လုံး၊
၂။ Foldable tables & Benches ၄ လုံး၊
၃။ 1-Man Tent ၇၉ လုံး၊ Tent Lights ၈၀ လုံးခန့်၊
၄။ Inflable Pillow ၈၀ လုံးခန့်၊
၅။ Yoga mat ၈၀ ခုခန့်၊
၆။ Slippers ၅၀ ရန်ခန့်၊
၇။ Spry Paint ၁၀ ဘူးခန့်၊
၈။ Dog Food ၁ ပါကင်၊
၉။ 3M Mask ၅၀ ခုခန့်၊
၁၀။ Mini Cutter(Battery) ၁ လုံး၊
၁၁။ Canned Food/ OTG

**Singapore Civil Defence Force ၏ လုပ်ငန်းဆောင်ရွက်ချက်**

(က) ၂၉-၃-၂၀၂၅ ရက်နေ့တွင် တိုက်အမှတ် ၂၂၀၃ နှင့် ၂၂၀၄ တို့တွင် Life Sign Assessment ပြုလုပ်ပေးခဲ့ပြီး အောင်သပြေ ရပ်ရှင်ရုံနောက် အဆောက်အအုံတွင် အသက်ရှင်လျက် ၁ ဦးအား ကယ်ထုတ်ပေးနိုင်ခဲ့ပါသည်။
(ခ) ၃၀-၃-၂၀၂၅ ရက်နေ့တွင် တိုက်အမှတ် ၂၃၆၇ နှင့် ပျော်ဘွယ်မြို့ KBZ ဘဏ်တို့တွင် Life Sign Assessment ပြုလုပ်ပေးခဲ့ပါသည်။
(ဂ) ၃၁-၃-၂၀၂၅ ရက်နေ့တွင် တိုက်အမှတ် ၃၃၅၆၊ ၃၃၆၉၊ ၄၃၁၃ နှင့် ခရေ တိုက်အမှတ် ၂၀ နှင့် ၇၁၊ ဥတ္တရသီရိပင်လုံဆေးရုံတို့တွင် Life Sign Assessment ပြုလုပ်ပေးခဲ့ပါသည်။
(ဃ) ၁-၄-၂၀၂၅ ရက်နေ့တွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ နေရာများနှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။
(င) ၃-၄-၂၀၂၅ ရက်နေ့တွင် ခရေတိုက်အမှတ် ၁၈၊ ၂၀၊ ၅၅၊ ၅၆၊ ၆၆၊ ၇၁၊ ၇၂၊၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၈၈၊ ၈၉၊ ၉၅၊ ၁၀၆ ၏ Canteen တို့တွင် ASR Level 4 ဆောင်ရွက်ခဲ့ပါသည်။
(စ) ၄-၄-၂၀၂၅ ရက်နေ့နှင့် ၅-၄-၂၀၂၅ တွင် Jade City Hotel တွင် နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ ASR Level 4 ဆောင်ရွက်ခဲ့ပါသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား စသည့်ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် ရှစ်ရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၆**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကားများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ဧပြီ ၆ ရက်တွင် ရှစ်ရက်မြောက်နေ့အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည် ရောင်းချပေးကြောင်း သိရှိရသည်။



မတ် ၃၀ ရက်မှ ဧပြီ ၆ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်း အိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနေသုခ - Export Quality) ၆၅၇၅ အိတ်၊ ဆန် ငါး ပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) ၁၂၁၅ အိတ်၊ ဆီပိဿာ ၁၂၁၀၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါအိတ် ၂၅၇၁ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၃၁၅၀၊ ခေါက်ဆွဲခြောက် အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့်လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနေသုခ) ၂၀၆ အိတ်၊ စားအုန်းဆီ ပိဿာ ၁၅၄၀၀၊ ခေါက်ဆွဲခြောက် အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန်၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) ၁၇၁ အိတ်၊ စားအုန်းဆီ ၂၆၅၂ ပိဿာ၊ ကြက်ဥအလုံး ၄၃၆၀၊ ကြက်သွန်နီ ပိဿာ ၄၅၀၊ အသားတု ၅ ပိဿာ တို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပရီမီယာလိဂ်ပွဲစဉ် (၃၁)
လက်စတာ - နယူးကာဆယ်
၈-၄-၂၀၂၅

ဧပြီ ၈ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၃၁) မှ လက်စတာနှင့် နယူးကာဆယ်အသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ လက်စတာအသင်းက နောက်ဆုံးရှစ်ပွဲဆက် ရှုံးနိမ့်ထားတဲ့အသင်းဖြစ်ပြီး ပြိုင်ဘက်နယူးကာဆယ်က နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရရှိထားတဲ့ အသင်းဖြစ်ပါတယ်။

# ကာဆယ်နဲ့ပွဲစဉ်မှာ ရှုံးပွဲဆက်မှုကို လက်စတာ ရပ်တန့်နိုင်မလား...



**လက်စတာ Vs ကာဆယ် နံနက် ၁း၃၀**

တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့ လက်စတာက ခြေစွမ်းအားရစရာမရှိသလို နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ရှစ်ပွဲမှာလည်း ရှစ်ပွဲစလုံး ရှုံးနိမ့်ထားတယ်။ ကာဆယ်က တိုက်စစ်ကစားသမား အီဆတ် ခြေစွမ်းပြမှုနဲ့အတူ ခြေစွမ်းအတက်ဘက် ရောက်နေတယ်။ ကာဆယ်က ဒီပွဲစဉ်ပြီးရင် မန်ယူအသင်းနဲ့ ကစားရဖို့ ရှိတယ်။ လက်စတာက နိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာ ဖြစ်ပေမယ့် တိုက်စစ်၊ ခံစစ်ပိုင်း သာလွန်တဲ့ နယူးကာဆယ်အသင်းကို အခက်တွေ့အောင်သာ ကစားနိုင်ဖွယ်ရှိတယ်။ ကာဆယ်မှာ အဓိက တိုက်စစ်ကစားသမား အီဆတ် မပါဝင်သည့်တိုင် လက်စတာကို နိုင်ဖွယ်ရာရှိတယ်။



ဗာဒီ (၃၈နှစ်)

**လက်စတာ (တိုက်စစ်)**

၂၈ ပွဲကစား၊ ၇ ဂိုးသွင်း

| လက်စတာနဲ့ နယူးကာဆယ်တို့ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးသုံးပွဲရလဒ် | | | |
|---|---|---|---|
| ကာဆယ် | ၄ - ၀ | လက်စတာ | ပရီမီယာလိဂ် |
| ကာဆယ် | ၀ - ၀ | လက်စတာ | ပရီမီယာလိဂ် |
| ကာဆယ် | ၂ - ၀ | လက်စတာ | အီးအက်ဖ်အယ် |

အီဆတ် (၂၅ နှစ်)

**ကာဆယ် (တိုက်စစ်)**

၂၆ ပွဲကစား၊ ၂၀ ဂိုးသွင်း

| လက်စတာအသင်း နောက်ဆုံးသုံးပွဲရလဒ် | | | |
|---|---|---|---|
| ချယ်ဆီး | ၁ - ၀ | လက်စတာ | ၉-၃-၂၀၂၅ |
| လက်စတာ | ၀ - ၃ | မန်ယူ | ၁၇-၃-၂၀၂၅ |
| မန်စီးတီး | ၂ - ၀ | လက်စတာ | ၃-၄-၂၀၂၅ |

| ကာဆယ်အသင်း နောက်ဆုံးသုံးပွဲရလဒ် | | | |
|---|---|---|---|
| ဝက်စ်ဟမ်း | ၀ - ၁ | ကာဆယ် | ၁၁-၃-၂၀၂၅ |
| လီဗာပူး | ၁ - ၂ | ကာဆယ် | ၁၆-၃-၂၀၂၅ |
| ကာဆယ် | ၂ - ၁ | ဘရန့်ဖို့ဒ် | ၃-၄-၂၀၂၅ |

# ဘီလီဂျင်းကင်းဖလား လက်ရည်စစ်ပွဲအတွက် ဂရိတ်ဗြိတိန်အသင်းမှ ရာဒူကာနူ နုတ်ထွက်

အမ်မာ ရာဒူကာနူသည် ခန္ဓာကိုယ်ကြံ့ခိုင်မှုကို ဂရုစိုက်ရန်အတွက် လာမည့်သီတင်းပတ်အတွင်း နယ်သာလန်နိုင်ငံတွင် ကျင်းပမည့် ဘီလီဂျင်းကင်းဖလားလက်ရည်စစ်ပွဲအတွက် ဂရိတ်ဗြိတိန်အသင်းမှ နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။



ဗြိတိန်နံပါတ် ၂ တင်းနစ်မယ် ရာဒူကာနူသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ရာဒူကာနူသည် ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ပြိုင်ပွဲပေါင်း ခုနစ်ခု ဝင်ရောက်ယှဉ်ပြိုင်ပြီး ဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် ရာဒူကာနူသည် မိုင်ယာမီအိုးပင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အထိ တက်လှမ်းနိုင်ခဲ့သည့်အတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၅၀ အတွင်း ပြန်လည်ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ယူအက်စ်အိုးပင်းချန်ပီယံ ရာဒူကာနူသည် လာမည့် သီတင်း နှစ်ပတ်မှ သုံးပတ်အတွင်း လေ့ကျင့်ခန်းပြန်လည် ဆင်းရန် စီစဉ်နေသည်။ ဂရိတ်ဗြိတိန်အသင်းသည် ဘီလီဂျင်းကင်းဖလားပြိုင်ပွဲ အုပ်စုတွင်း အပြန်အလှန်ယှဉ်ပြိုင်ရသည့်ပုံစံသစ်တွင် နယ်သာလန်၊ ဂျာမနီအသင်းတို့နှင့် တွေ့ဆုံယှဉ်ပြိုင်ရမည် ဖြစ်သည်။

# ကိုဗင်ထရီကို အနိုင်ယူပြီး ချန်ပီယံရှစ်အမှတ်ပေးဇယားကို တစ်မှတ်အသာဖြင့် ဘန်လေ ဦးဆောင်

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄၀) အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ကိုဗင်ထရီနှင့် ဘန်လေအသင်းပွဲစဉ်တွင် ဘန်လေအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ အမှတ်ပေးဇယားကို တစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ကိုဗင်ထရီအသင်းသည် ဘန်လေအသင်းကို ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ထို့အပြင် ကိုဗင်ထရီအသင်းသည် အဆိုပါ ရှုံးနိမ့်မှုကြောင့် နောက်ဆုံး လေးပွဲတွင် ရှုံးပွဲ သုံးပွဲ ရှိလာပြီ ဖြစ်သည်။

ကိုဗင်ထရီအသင်းသည် ယခုနှစ်ရာသီတွင် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသည့် ဘန်လေအသင်းကို ခြေရည်တူ ကစားနိုင်ခဲ့သည့်အပြင် ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကိုပါ ဖန်တီးနိုင်ခဲ့သည်။ ဘန်လေအသင်းက ယခုနှစ်ရာသီ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ထူးခြားသည့် ခံစစ်စွမ်းဆောင်ရည်ပိုင်ဆိုင်ထားပြီး ပွဲစဉ် ၄၀ ပြီးသည်အထိ ခံစစ်က ပေးဂိုး ၁၂ ဂိုးသာ ခွင့်ပြုထားရသေးသည်။ ဘန်လေအသင်းသည် ယခုအနိုင်ပွဲကြောင့် နောက်ဆုံး သုံးပွဲဆက် နိုင်ပွဲရရှိခဲ့သည်။



# ပရီမီယာလိဂ် ပွဲစဉ် (၃၁) တွင် လီဗာပူးတို့ ရှုံးပွဲကြုံပြီး စပါးအသင်း နိုင်ပွဲရ

ဧပြီ ၆ ရက် ည ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဖူလ်ဟမ်နှင့် အမှတ်ပေးဇယားဦးဆောင်သူ လီဗာပူးအသင်းပွဲစဉ်တွင် ဖူလ်ဟမ်အသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဥရောပဝင်ခွင့်ရရှိရေး မျှော်လင့်ချက် အားကောင်းလာခဲ့သည်။

လီဗာပူးအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးလေးပွဲတွင် ရှုံးပွဲ သုံးပွဲရှိလာပြီ ဖြစ်သည်။ လီဗာပူးအသင်းသည် ဖူလ်ဟမ်အသင်းကို ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို အသင်းကစားသမားများ ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။

ဖူလ်ဟမ်အသင်းအတွက် သွင်းဂိုးများကို ဆက်ဆီနွန်၊ အီယိုဘီနှင့် မူးနစ်တို့က သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းအတွက် သွင်းဂိုးများကို အလစ္စတာနှင့် ဒီယက်ဇ်တို့က သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် စပါးက ဆောက်သမ်တန်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဘရန့်ဖို့ဒ်နှင့် ချယ်ဆီးအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။ ဆောက်သမ်တန်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ချန်ပီယံရှစ်သို့ တန်းဆင်းခဲ့ရပြီ ဖြစ်သည်။



■ လီဗာပူးကစားသမား ဒီယက်ဇ် အသင်းအတွက် ဒုတိယဂိုး သွင်းယူစဉ်။

# အေစီမီလန်က ဖီအိုရင်တီးနားကို သရေကျ

အီတလီစီးရီးအေပွဲစဉ် (၃၁) မှ ဧပြီ ၆ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် အေစီမီလန်နှင့် ဖီအိုရင်တီးနားအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဥရောပဝင်ခွင့်တစ်နေရာစာရရှိရေးအတွက် ခြေကုန်ထုတ်လာသော အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်သည့်အတွက် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။

ပွဲကစားချိန်ပြည့်ခါနီးတွင် ဖီအိုရင်တီးနားအသင်းမှ ဒိုဒို ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်ပြန်လည်ကြည့်ရှုစစ်ဆေးပြီး ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် အေစီမီလန်အသင်းက ရမှတ် ၅၂ မှတ်နှင့် ဖီအိုရင်တီးနားအသင်းက ရမှတ် ၄၈ မှတ် ရရှိထားသည်။

စီးရီးအေပွဲစဉ် (၃၁) မှ ညနေ ၅ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် လက်ချီနှင့် ဗနီဇီယာအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သလို အမ်ပိုလီနှင့် ကက်ဂလီယာယီအသင်းပွဲစဉ်တွင်လည်း ဂိုးမရှိ သရေကျခဲ့သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- မန်စီးတီးအသင်းသည် ဒီဘရိုင်း၏ နေရာကို လေဗာကူဆင်ကွင်းလယ်တိုက်စစ်ကစားသမား ဖလော်ရီယန် ဝစ်ဇ် (၂၁ နှစ်) ဖြင့် အစားထိုးရန် စီစဉ်နေသည်။
- မန်ယူ၊ နော်တင်ဟမ်၊ ဂျူဗင်တပ်စ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား မာတီတာ (၂၇ နှစ်) ကို ခေါ်ယူအားဖြည့်လိုနေသည်။
- ဝုဖ်အသင်းသည် မန်ယူအသင်းမှ အင်္ဂလန်တောင်ပံကစားသမား ဆန်ချို (၂၅ နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေသည်။
- လီဗာပူးနှင့် မန်စီးတီးအသင်းတို့သည် ဘာစီလိုနာတိုက်စစ်ကစားသမား ယာမဲလ် (၁၇ နှစ်) ကို ခေါ်ယူရန် စောင့်ကြည့်နေသည်။

■ မိုးဇက် - စုစည်းသည်

# ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများ ရောက်ရှိ

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒုတိယအကြိမ် ရောက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများတွင် မိုးကာတဲ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ တာပေါ်လင်၊ ဆေးဝါးများ၊ (MRE) အသင့်စားအစားအစာများ စုစုပေါင်း ၃၁၃၀၁ kg ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ



ပါကစ္စတန်နိုင်ငံမှ ရောက်ရှိလာသော ကယ်ဆယ်ရေးပစ္စည်းများကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းနှင့် ဆေးဝါးများ ဒုတိယအကြိမ်ရောက်ရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Imran Haider နှင့်သံရုံးတာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်း ကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငလျင်ဘေးသင့်ပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၆**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် ဧပြီ ၆ ရက်အထိ သေဆုံးသူ ၃၅၁၄ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၀၉ ဦးနှင့် ပျောက်ဆုံးသူ ၂၁၀ ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံး သူ ၆၈၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဧပြီ ၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံပေါင်း နှစ်နိုင်ငံမှ လေယာဉ်စင်းရေ နှစ်စင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၃၈ ဒသမ ၁၂၈ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်းပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေး ပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ် အရောက် အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေဝတီဖောင်ဒေးရှင်းက ငလျင်ဒဏ်ကြောင့်ပြိုကျခဲ့သည့် မန္တလေးမစိုးရိမ်တိုက်သစ်အား စက်ယန္တရားများဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**မန္တလေး ဧပြီ ၆**

ငလျင်ဘေးဒဏ်သင့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရေဝတီဖောင်ဒေးရှင်းသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် စာသင်တိုက်အား မန္တလေးမြို့တော်စည်ပင်မှ တာဝန်ရှိသူများနှင့် ဆွေးနွေးတိုင်ပင်၍ စက်ယာဉ်ယန္တရားများ၊ Max Myanmar Construction မှ Supervisor, Operator တို့ဖြင့် တာဝန်ယူရှင်းလင်း ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့အတူ ကျောင်းဆောင်ကြီးပြိုကျမှုကြောင့် ပျံလွန်တော်မူခဲ့သည့် သံဃာတော် ၂၆ ပါး၊ ဆေးကုသမှုခံယူနေသည့် ဒဏ်ရာရသံဃာတော် ၄၉ ပါးအတွက် ငွေကျပ်သိန်း ၇၅၀၊ စာသင်သားသံဃာတော်အပါး ၅၀၀ အတွက် ငွေကျပ်သိန်း ၁၅၀ နှင့် ဆွမ်း ၁၀ ရက်စာအတွက် ငွေကျပ်သိန်း ၃၅၀၊ ဆန်အိတ် ၂၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၄၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ကိုမိုး**



## တောင်ငူခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို တာဝန်ရှိသူများ လိုက်လံကြည့်ရှုစစ်ဆေး



**တောင်ငူ မေ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေနှင့် တာဝန်ရှိသူများသည် မေ ၄ ရက်မှ စတင်၍ လိုက်လံကြည့်ရှုစစ်ဆေးလျက်ရှိရာ ယမန်နေ့တွင် ဆက်လက်လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ် (တောင်ငူ)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၊ တောင်ငူခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) တောင်ငူတို့၌ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျအက်ကွဲပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ၊ လူထိခိုက်သေဆုံးခဲ့သည့် ဝေဠုဝန်စာသင်တိုက် ဘုန်းတော်ကြီးကျောင်းရှိ သိမ်တော်ပြိုကျပျက်စီးမှုနှင့် အမှတ် (၁၁) ရပ်ကွက်ရှိ ကန်တော်ဗလီ ပြိုကျပျက်စီးမှု၊ ကောင်းမှုတော်စေတီတော်မြတ်ကြီး ထီးတော် တိမ်းစောင်း၍ စိန်ဖူးတော်ပြုတ်ကျခဲ့မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

## လပွတ္တာမြို့နယ်အတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**လပွတ္တာ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယင်းသို့ ဆောင်ရွက်ရာတွင် မေ ၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ လပွတ္တာမြို့နယ်အတွင်းရှိ ကာရာအိုကေနှင့် စားသောက်ဆိုင်များ မီးဘေးလုံခြုံမှုရှိစေရန်အတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် (Fire Safety Certificate) ရရှိရေး ဆောင်ရွက်သွားရန်၊ မီးချိတ် မီးကပ်များ စနစ်တကျထားရှိစေရန် ကွင်းဆင်းစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိစေရေး၊ မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပွားလာပါက အမြန်ဆုံးငြိမ်းသတ်နိုင်ရေး အပေါ့စားမီးသတ်စက်၊ Foam အမြှုပ်ဆေးရည်နှင့် ပိုက်လိပ်၊ ပိုက်ခေါင်းများ၊ fire alarm system တပ်ဆင်ထားမှုများ၊ လျှပ်စစ်မီးကြိုးများ၊ ဝိုင်ယာကြိုးများ စနစ်တကျထားရှိမှုများကို ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဟိန်းထက်လင်း(လပွတ္တာ)**

## မကွေးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးဘေးလုံခြုံရေးဆောင်ရွက်

**မကွေး မေ ၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မီးသတ်ဦးစီးဌာနက ပြည်သူများ မီးပေါ့ဆမှုမရှိစေရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲက မကွေးမြို့နယ် ညောင်ကန်ကျေးရွာအုပ်စု ညောင်ကန်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာမီးဘေးလုံခြုံရေးအတွက် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးကို စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန် ရှင်းလင်းပြောကြားခြင်းနှင့် ကျေးရွာနေပြည်သူများ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသခဲ့သည်။ **ဝင်းအိမ္ဗွန်(ပြန်/ဆက်)**



## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ သတ္တမအကြိမ် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် မေ ၆**

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများ သတ္တမအကြိမ် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျ သဘာပတိဂေါပကအဖွဲ့ဝင် ဒေါက်တာတင်ထွန်းက သွေးလှူဒါန်းပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဝမ်းသာပီတိစကား ပြောကြားသည်။



ထို့နောက်အမျိုးသားသွေးလှူဌာနမှ ဆရာဝန်ဒေါက်တာသန္တာက သွေးလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းကြမည့် စေတီတော်ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာသွေးလှူရှင် ပြည်သူများအား အမျိုးသား သွေးလှူဌာနမှ ဒေါက်တာခင်ချိုလင်း၊ တာဝန်ခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေးဆိုင်ရာများစစ်ဆေးပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူ သွေးလှူရှင်များက သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့သွေးလှူဒါန်းကြသည့် သွေးလှူရှင်များကို စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က တီရှပ်အင်္ကျီများ၊ အလှူရှင်များက အအေး၊ ကြက်ဥ၊ ဌက်ပျောသီး၊ နွားနို့ စသည့် အာဟာရအစားအစာများ၊ အမျိုးသား သွေးလှူဌာနမှ သံဓာတ်အားဆေး စသည်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**



## ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ရှင်သာမဏေ အပါး ၅၅၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် မေ ၆**

သဲဖြူတောရဓမ္မရိပ်သာနှင့်မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဇောတမထေရ်မြတ်အားအမှူးထား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် သဲဖြူဆရာတော်ကြီး၏ တပည့်သာဝကအလှူရှင်များ၊ ၃၁ ဘုံသားအားလုံးတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်းစုံမှ ရင်သွေးရတနာ ၅၅၀၀ တို့အား ပဗ္ဗဇ္ဇအမွေရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခဲ့ပြီး အဆိုပါရှင်သာမဏေများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ ကျင်းပခဲ့သည်။

ဦးစွာ သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဇောတမထေရ်မြတ်က ဆွမ်းဆန်တော်လောင်းလှူကြမည့် အလှူရှင်များ၏မဏ္ဍပ်များအား လှည့်လှည်ကြည့်ရှုပြီး မေတ္တာပွားများခဲ့သည်။

ယင်းနောက်ရှင်သာမဏေ အပါး၅၅၀၀ အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ အရာထမ်း အမှုထမ်းများ၊ အလှူရှင်များက ဆွမ်းဆန်တော်များလောင်းလှူကြပြီး ကုသိုလ်ပြုခဲ့ကြသည်။ **အောင်မြင့်(ပြန်/ဆက်)**



## (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ စာအောင်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**သထုံ မေ ၆**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုမှကြီးမှူး၍ ကျင်းပခဲ့သည့် (၇၅)ကြိမ်မြောက် စိန်ရတု (၃၈) ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲစာအောင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက သိမ်ကုန်းရပ်ကွက် နတ်စင်လမ်းရှိရှိ အောင်မြင်ကျောင်းတိုက်၊ လမ္ဘတော်ကျောင်းတိုက် လုံးကြီးဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ သံဃာတော်အရှင်သူမြတ်များနှင့် တက်ရောက်လာသူများက အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကြပြီး ပရိယတ္တိသဒ္ဓမ္မလင်္ကာရ ဟိတကာရီစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တကုလန္ဒေါဘာသာဘိဝံသထံမှ ညှေ့ပရိသတ်အပေါင်းတို့က သီလခံယူဆောက်တည်ကြသည်။

ယင်းနောက် မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌ ဦးထွန်းဟိန်းနှင့် တာဝန်ရှိသူများက သထုံမြို့နယ်၌ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈) ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ကျင်းပခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ဟိတကာရီစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရားများ နာကြားကြကာ စိန်ရတုစာမေးပွဲ၌ အဆင့်အတန်းအလိုက်အောင်မြင်ခဲ့ကြသူတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါစာမေးပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က ကျင်းပခဲ့ပြီး သထုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များ၊ အခြေခံပညာကျောင်းများမှ သာမဏေ၊ သီလရှင်နှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၆**

မတ် ၂၈ ရက်က အင်အားပြင်းမြေငလျင် လှုပ်ခတ်မှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် မင်းချောင်းကျေးရွာအုပ်စု ကျေးစားကုန်း(မြောက်)ရွာ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အဆိုပါဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းတွင် ခေတ္တနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာနှင့် အလှူငွေများ ပေးအပ်သည်။

**လိုက်လံကြည့်ရှု**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် နေရာများအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်**

ထို့ပြင် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ညောင်ရွှေမြို့နယ် နန်းဦးကျေးရွာရှိ ဖောင်တော်ဦးဘုရား၊ ကေလာကျေးရွာ ဇရပ်ကြီးကျေးရွာနှင့် ကြာတောကျေးရွာတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



---

# ငလျင်ဒဏ်ကြောင့် ဆက်သွယ်မှုပြတ်တောက်သွားသော မိုဘိုင်းစခန်းများနှင့် ဆက်သွယ်ရေးစခန်းများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ထား

**နေပြည်တော် မေ ၆**

မတ် ၂၈ က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသော မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၆၀၀၀ ကျော်အနက် ၆၇၃၀ ကျော်သည် ဆက်သွယ်မှု ပြတ်တောက်ခဲ့ရာ အော်ပရေတာများက ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် မေ ၆ ရက်အထိ စခန်းပေါင်း ၅၉၀၀ ကျော် ပြုပြင်ကောင်းမွန်ခဲ့ပြီး စခန်း ၈၀၀ ခန့်သာ ပြုပြင်ရန် ကျန်ရှိသည်။



ငလျင်ဒဏ်ကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Auto Exchange ၉၅ ခု ချွတ်ယွင်းပျက်စီးခဲ့ရာ မေ ၅ ရက်အထိ အခု ၆၀ ပြုပြင်ပေးနိုင်ခဲ့ပြီး ကျန် Exchange ၃၅ ခုကို ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် တယ်လီဖုန်းတိုင်ကြိုးများ၊ ကေဘယ်လ်ကြိုးများ ရှင်းလင်းဖယ်ရှားခြင်း၊ မိုဘိုင်းစခန်းများနှင့် ကေဘယ်လ်ကြိုးပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန၏ e-Government Data Center ရှိ Government Cloud System အား ပြုပြင်ခဲ့ရာ မေ ၅ ရက် ည ၈ နာရီခန့်တွင် ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများ၏ Cloud Service ၂၄၇ ခုမှာ ဝန်ဆောင်မှုများ ပြန်လည်ရရှိခဲ့သည်။

ငလျင်ဒဏ်ကြောင့် မြန်မာ့စာတိုက်လုပ်ငန်း၏ စာတိုက် ၁၅ ခု လုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ရာ မတ် ၃၀ ရက်တွင် ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ပြီဖြစ်သည်။ နေပြည်တော် စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့မှာလည်း ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်ပေးလျက်ရှိသည်။

မိုဘိုင်း ဆက်သွယ်ရေး အော်ပရေတာများမှ ဆက်သွယ်ရေးကဏ္ဍ၏ လူမှုအကျိုးပြုလုပ်ငန်း Corporate Social Responsibility (CSR) အဖြစ် ငလျင်သင့်ဒေသများရှိ မိုဘိုင်းဖုန်းသုံးစွဲသူ ပြည်သူများ အဆင်ပြေချောမွေ့စေရန် အော်ပရေတာတူမိုဘိုင်းအချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့်နှင့် အခမဲ့စာတိုပေးပို့ခွင့်တို့အား မတ် ၂၉ ရက်မှစတင်၍ မေ ၁၀ ရက်အထိ အသုံးပြုခွင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ကြည့်ရှု

**နေပြည်တော် မေ ၆**

နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘုရားစေတီများ၊ သာသနိက အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ လမ်းများ၊ စာသင်ကျောင်းများ၊ လူနေအိမ်များမှ အပျက်အစီးများ၊ အန္တရာယ်ရှိသည့် အဆောက်အအုံများ ဖြိုချခြင်းနှင့် ဖယ်ရှားရှင်းလင်းခြင်းများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လမ်းတံတားများ အမြန်ဆုံးပြန်လည်သွားလာနိုင်ရေး၊ လျှပ်စစ်မီး ရရှိရေး၊ သောက်သုံးရေရရှိစေရေး၊ ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




---

# တရားမဝင် သစ်မျိုးစုံ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်သစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ အလုံမင်းဒေါင့်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ကျောက်ကုတင်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၀၄၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၀၃၀၄) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၆၀၃၀၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၅ ရက်တွင် ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့နယ် မိုင်းလုံးရပ်ကွက်နှင့် ထေးသမရပ်ကွက်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၆၀၃၀၄)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုသို့ တရားမဝင်သစ်များနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေသာလျှောင်းတောင်ပေါ်မှ ကျောက်သေတ္တာအမည်ရှိ ကျောက်တုံးကြီးပြုတ်ကျမည့်အခြေအနေ ဖြစ်ပေါ်လျက်ရှိသဖြင့် တောင်ခြေအနီးတစ်ဝိုက်မှ ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်း

**နေပြည်တော် ဧပြီ ၆**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များကြောင့် ရွှေသာလျှောင်းတောင်ပေါ်မှ ကျောက်သေတ္တာအမည်ရှိ ကျောက်တုံးကြီးပြုတ်ကျမည့်အခြေအနေ ဖြစ်ပေါ်လျက်ရှိပြီး တောင်ခြေအနီးတစ်ဝိုက်တွင်နေထိုင်ကြသောပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးထိခိုက်စေနိုင်သည့်အတွက် ဘေးလွတ်ရာတွင် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ရွှေ့ပြောင်းပေးခဲ့သည်။

ထိုသို့ ရွှေ့ပြောင်းပေးခဲ့ရာ စုကြီးရပ်ကွက်တွင် အိမ်ခြေ ၅၆ အိမ်၊ အိမ်ထောင်စု ၆၇ စု စုစုပေါင်း လူဦးရေ ၁၃၉ ဦးရှိပြီး ဝေဘူချောင်ရှိ ဆွမ်းလောင်းမဏ္ဍပ်များနှင့် ဇရပ်များသို့ အိမ်ခြေ ကိုးအိမ်၊ အိမ်ထောင်စု ၁၀ စု စုစုပေါင်း လူဦးရေ ၃၃ ဦး ပြောင်းရွှေ့နေထိုင်ကြကာ ကျန်ရှိသူများက ၎င်းတို့၏ ဆွေမျိုးများထံသို့ ရွှေ့ပြောင်းနေထိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအန္တရာယ်ရှိ ကျောက်သေတ္တာကို ဖြိုချဖျက်ဆီးရန် ကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့က ယမန်နေ့တွင် ကျောက်မိုင်းခွဲရန်အတွက် လွန်ဖောက်ခြင်းဆောင်ရွက်ခဲ့ကြပြီး ယင်းလွန်ဖောက်ခြင်းပြီးဆုံးမှသာ ကျောက်မိုင်းခွဲခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



---

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
## "ပြင်ပလေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာ"

**ပြင်ပလေထုညစ်ညမ်းခြင်းကိုဖြစ်ပေါ်စေသည့် အခိုးအငွေ့များထွက်ရှိစေသော အဓိကအကြောင်းရင်းများ-**

- စက်ရုံအလုပ်ရုံများနှင့် အမှိုက်မီးရှို့စက်များမှထွက်ရှိလာသော အခိုးအငွေ့များ၊
- မီးစက်များ၊ အင်ဂျင်စက်များ၊ မော်တော်ယာဉ်များ မောင်းနှင်ခြင်းမှထွက်ရှိသော အခိုးအငွေ့များ၊
- ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ ကဲ့သို့သော တိရစ္ဆာန်များအစာခြေခြင်းမှ ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့များ။

**ပြင်ပလေထုညစ်ညမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးအပေါ် သက်ရောက်မှုများ-**

- လေထုညစ်ညမ်းမှုနှင့် ထိတွေ့ခြင်းကြောင့် လတ်တလောတုံ့ပြန်မှုအဖြစ် မျက်လုံး၊ နှာခေါင်းနှင့် လည်ချောင်းများ ယားယံခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးဝင်ခြင်းတို့ ဖြစ်ပွားစေနိုင်ပါသည်။
- လေထုညစ်ညမ်းမှုအနည်းအကျဉ်းကိုဖြစ်စေ ကာလတာရှည်ထိတွေ့မိခြင်းကြောင့် အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးဝင်ခြင်းအန္တရာယ်ကို မြင့်မားစေခြင်း၊ ပန်းနာရင်ကြပ်ရောဂါကို ပိုမိုဆိုးရွားစေခြင်း၊ နှလုံးသွေးကြောကျဉ်း ရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာရောဂါနှင့် အရွယ်မတိုင်ခင် သေဆုံးခြင်းကို ဖြစ်ပွားစေနိုင်ပါသည်။

**ပြင်ပလေထုညစ်ညမ်းမှုမဖြစ်အောင် ကာကွယ်ခြင်း**

- စက်ရုံ၊ အလုပ်ရုံများမှ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သော အခိုးအငွေ့ထွက်ရှိမှုများကို လျှော့ချခြင်း၊
- လူနေအိမ်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဆေးရုံ၊ ဆေးခန်းများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းမပြုဘဲ စနစ်တကျစီမံခန့်ခွဲစွန့်ပစ်ခြင်း၊
- ပတ်ဝန်းကျင်တွင် မီးခိုးငွေ့ကင်းစင်စေရန် သန့်ရှင်းသောလောင်စာအဖြစ် လျှပ်စစ်မီးဖို၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးဖိုနှင့် ဂတ်မီးဖိုများအသုံးပြုခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်း၊

* ရုပ်ကြွင်းလောင်စာဖြင့် မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုခြင်းကို တတ်နိုင်သမျှ လျှော့ချခြင်း။

| ဝန်းကျင်လေထုအရည်အသွေးညွှန်းကိန်း(AQI) | (၀-၅၀) | (၅၁-၁၀၀) | (၁၀၁-၁၅၀) | (၁၅၁-၂၀၀) | (၂၀၁-၃၀၀) | (၃၀၁-၅၀၀) |
|---|---|---|---|---|---|---|
| | ကောင်း | သင့် | ညံ့ | ညစ်ညမ်း | ပိုမိုညစ်ညမ်း | အန္တရာယ်ရှိသည် |

**ဝန်းကျင်လေထုအရည်အသွေးညွှန်းကိန်း (AQI)တန်ဖိုး(၁၅၁-၂၀၀) အနီရောင်အဆင့်နှင့် အထက်မှစ၍ မဖြစ်မနေ နှာခေါင်းစည်း(Mask) ဝတ်ဆင်ပါ။**

၂၀၂၅ ခုနှစ်၊ မတ်လ

---

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုရမည့်အပူဒဏ်အန္တရာယ်များ**

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ တစ်ကိုယ်လုံး နုံးချိပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ➢ ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ➢ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း**

- ❖ လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- ❖ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ❖ လူနာ၏ ခြေရင်းဘက်ကို မြင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ❖ လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- ❖ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဘက်၊ ပေါင်ခြံနှစ်ဘက်တို့ကို ရေပတ်တိုက်ပါ၊
- ❖ လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

**အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက် အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။**

(မတ်လ၊ ၂၀၂၅)

---

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့်အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်း ကြော်ငြာခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်သော အဆောက်အဦများ ဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန်နှင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ တင်ဒါအဆိုပြုလွှာတင်သွင်းသော လုပ်ငန်းရှင်များနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၆-၄-၂၀၂၅ရက်မှစတင်၍ သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ Profile အောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် ဈေးနှုန်းတင်သွင်းလွှာ ဖွင့်ဖောက်စစ်ဆေးခြင်း အခမ်းအနားအား ၈-၄-၂၀၂၅ရက်၊ ၁၃၀၀နာရီတွင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း၊ ဆုတောင်းပြည့်ကျောင်းတိုက်အနီးရှိ ဒက္ခိဏခရိုင် မီးသတ်စခန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ

---

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းတွင် သုံးစွဲရန်လိုအပ်သော ဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender) ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူမည့်ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာအသေးစိတ်အား ရောင်းချမည့်တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)၊ ရွှေတိဂုံဘုရားလမ်း၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၇.၄.၂၀၂၅/ နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၂၉.၄.၂၀၂၅/ နေ့လယ် ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
အမှတ်၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း ၊ ရန်ကုန်မြို့၊
ဖုန်း ၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်အတွင်း မြေအောက်ရေလုပ်ငန်းသုံးပစ္စည်း၊ ရေရရှိရေး စီမံကိန်းများအတွက် စက်မှုနှင့်လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ၊ စက်အရန်ပစ္စည်းများနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့် တင်ဒါစနစ်( မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | |
|---|---|---|---|
| (က) | Ø 10" x 5.8 M PVC Pipe( 13.5 bar ) | (30) | Nos |
| (ခ) | 5.5 kW Submersible Pump | (5) | Sets |
| (ဂ) | RG Drilling Rig Spare Parts | (1) | Lot |
| (ဃ) | Tone Drilling Rig Spare Parts | (1) | Lot |
| (င) | Bore Hole Camera | (1) | Lot |
| (စ) | 15 Cusec Pump & 160 kW Motor( VTP ) & Accessories(ကျွန်းဦး) | (3) | Sets |
| (ဆ) | 15 Cusec Pump & 55 kW Motor( VTP ) & Accessories(သာယာကုန်း) | (2) | Sets |
| (ဇ) | Foldable Pipe, Floater & Accessories (ကျွန်းဦး) | (1) | Lot |
| (ဈ) | 5 Cusec & 15 kW Submersible Pump(3)Sets & Accessories | (1) | Lot |
| (ည) | Electrical Measuring Instruments | (1) | Lot |
| (ဋ) | ≥ 710 W Solar PV Panel ( 168 ) Nos & Accessories | (1) | Lot |
| (ဌ) | 160 kW Solor Pumping Inverter, Spare & Accessories | (1) | Lot |
| (ဍ) | Ø 30'' x 10' M.S Pipe( ကျွန်းဦး) | (25) | Nos |
| (ဎ) | တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်း(သံချောင်း၊ အုတ်၊ သဲ၊ ခွဲကျောက်၊ ကျောက်ကြီး၊ တောသစ်) (၆)မျိုး(ကျွန်းဦး) | (1) | Lot |
| (ဏ) | ဒီဇယ်ဆီ(နေပြည်တော်) | (10000) | Gals |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၄-၂၀၂၅ရက်မှ ၅-၅-၂၀၂၅ရက်ထိ
**တင်ဒါဖွင့်ရက်နှင့်အချိန်** - ၆-၅-၂၀၂၅ရက် မွန်းလွဲ(၁၄:၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ဖြည့်တင်းရေးဌာနခွဲ-၂၊ ရုံး အမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း-၀၉-၄၄၈၅၃၆၃၆၉၊ ၀၉-၅၅၀၃၃၈၄၊ ၀၉- ၄၅၈၀၂၁၈၉၂၊ ၀၉-၄၂၀၇၂၄၂၄၄၊ ၀၉-၄၄၈၅၃၆၃၆၇၊ ၀၉-၅၂၄၀၂၁၇၊ ၀၉- ၄၄၈၅၄၀၀၉၃ တို့သို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

---




---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန် တာယာဆိုဒ်စုံ(၁၀)မျိုး (၂၇၄)လုံး၊ ဘက်ထရီမျိုးစုံ (၅)မျိုး (၂၂၁)လုံးနှင့် ယန္တရားအပိုပစ္စည်း(၄)မျိုးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဝယ်ယူမည်ဖြစ်၍တင်ဒါလျှောက်လွှာတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/-နှုန်းဖြင့် ၆၂လမ်း၊ (၁၀၆လမ်း x ၁၀၇ လမ်းကြား) စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် (၇-၄-၂၀၂၅ မှ ၁၁-၄-၂၀၂၅)ရက်ထိ ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အိတ်ဖွင့်တင်ဒါများအား (၇-၅-၂၀၂၅)ရက်၊ နံနက် (၀၉:၀၀) နာရီတွင် စက်ရုံနှင့်မော်တော်ယာဉ်ဌာန၌ ဖွင့်ဖောက် ရွေးချယ်သွားမည် ဖြစ်ပါသည်။

၂။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဌာနမှူး၊စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ (ဖုန်း-၀၉-၄၀၄၇၂၀၄၀၀၊ ၀၉-၄၀၂၅၂၆၂၆၀)တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၇)၊ မြေကွက်အမှတ် (၅၇၇/၁)၊ အကျယ်အဝန်း (၉၀ပေ × ၆၀ပေ)ရှိ ဒေါ်သန်းရီ (၈/ရနခ (နိုင်) ၀၁၀၈၇၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းရီ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

---

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၀၊ မြေကွက် အမှတ်- ၄၇၇ ဦးအောင်သန်း အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀) ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်သီတာအေး(၇/တငန (နိုင်)၁၀၄၆၆၀)မှ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း၊ ပါမစ်မူရင်းနှင့် အရပ်ကတိစာချုပ်အဆင့်ဆင့်တို့သည် စစ်မှန်သည်ကို တာဝန်ယူပါ ကြောင်း ဝန်ခံပါသဖြင့် ဒေါ်သူဇာဝင်း(၈/တတက(နိုင်) ၁၈၃၇၃၀)+ဒေါ်သွယ်ဇင်မွန် မောင်(၇/အတန(နိုင်)၀၈၅၅၃၂)တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သူဇာဝင်း+ဒေါ်သွယ်ဇင်မွန်မောင်တို့၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉ ၅၄၀၇၂၂၉**

---

# အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ကုန်းတဲအုပ်စု၊ ကျင်းသာကျေးရွာ (ဘ)ဦးတင်မင်းဇော်၊ (အမိ)ဒေါ်ခိုင်၏သား မောင်ဖြိုးကိုကို ၉/မလန(နိုင်)၁၆၇၄၁၄ သည် မိတ္ထီလာအဝေးသင်တက္ကသိုလ်တွင် သမိုင်းအထူးပြု ဒုသ-၃၇၃(အဝသ)ဖြင့် ပညာသင်ကြားလျက်ရှိသော မောင်ဖြိုးကိုကို၏ ဖခင် ဦးတင်မင်းဇော်(ခ)ဦးမင်းဇော်ဦး ၉/မလန(နိုင်)၀၀၁၄၃၆မှာ တစ်ဦးတည်း ဖြစ်ပြီး မိခင်ဖြစ်သူ ဒေါ်ခိုင်(ခ)ဒေါ်စိုးခိုင်ဦး ၉/မလန(နိုင်)၀၈၂၅၇၄ မှာလည်း တစ်ဦးတည်းနှင့် နာမည်နှစ်မျိုးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ် ပါသည်။

---

# အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ ဦးဝေရန် အောင်(ဘ)ဦးတင်ဝင်းအောင် ၉/ခအဇ(နိုင်)၀၁၅၅၉၀ ၏ လွှဲအပ်ညွှန်ကြားချက် အရ -

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာ၊ ကွင်းအမှတ် (ပြင်) ၊ ဦးပိုင်(၅၃)၊ ဧရိယာ ၁ ဒသမ ၁၀ဧကမှခွဲ၍ မြေကွက်အမှတ်(A-2) (၄၅x၇၀)ပေ အကျယ်အဝန်းရှိမြေကွက်ကို ဒေါ်လွင်မီမီသက် (ဘ)ဦးစိန်လှိုင် ၉/မကန (နိုင်) ၀၇၉၅၁၈ ထံမှ ဦးဝေရန်အောင်က ရောင်းကြေး(ကာလတန်ဖိုး) ငွေအပြေ အကျေ ပေးချေဝယ်ယူပြီးလက်ရောက်ရရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက် စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာရုံးဌာနအသီးသီး၌ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **(၁) ဦးစိုးမိုးအောင်(LL.B)** | **(၂)ဒေါ်သင်းဇာခြည်လှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၄၅၂/၂၀၁၂)** | **(စဉ်-၁၀၄၀၅/၂၀၁၅)** |

**အမှတ်(၁၄၈)၊ သီရိနန္ဒာလမ်း၊ ရပ်ကွက်ကြီး(၉)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၄၄၄၀၃၃၁၆၈၊ ၀၉-၂၀၄၆၀၂၅**

---

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့် နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့ကမော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
( ခ ) လမ်းဆုံလမ်းခွ၊
( ဂ ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
( င ) တံတားအဝင်ဝနှင့် တံတားအပေါ်၊
( စ ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
( ဇ ) လမ်းအလယ်တွင်မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
( ဈ ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
( ဋ ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
( ဌ ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
( ဍ ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ် များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက် ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

---

# အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ ဒေါ်နှင်းနှင်းဦး (ဘ)ဦးမြင့်စိုး၉/ခအဇ(နိုင်)၀၂၆၀၈၅၏ လွှဲအပ်ညွှန်ကြားချက်အရ-

ပြင်ဦးလွင်မြို့၊ ကျွဲနွားထောက်ကျေးရွာ၊ မြေကွက်အမှတ်(B-4) (၁၀၅x၈၆x၄၀x၄၀)ပေ အကျယ်အဝန်းရှိမြေကွက်ကို ဒေါ်လွင်မီမီသက် (ဘ) ဦးစိန်လှိုင် ၉/မကန(နိုင်)၀၇၉၅၁၈ထံမှ ဒေါ်နှင်းနှင်းဦးက ရောင်းကြေး (ကာလတန်ဖိုး) ငွေအပြေအကျေပေးချေဝယ်ယူပြီး လက်ရောက်ရရှိသော မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာ ရုံးဌာန အသီးသီး၌ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **(၁) ဦးစိုးမိုးအောင်(LL.B)** | **(၂)ဒေါ်သင်းဇာခြည်လှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၄၅၂/၂၀၁၂)** | **(စဉ်-၁၀၄၀၅/၂၀၁၅)** |

**အမှတ်(၁၄၈)၊ သီရိနန္ဒာလမ်း၊ ရပ်ကွက်ကြီး(၉)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၄၄၄၀၃၃၁၆၈၊ ၀၉-၂၀၄၆၀၂၅**

---

# မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

---

# အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ ဒေါ်ခင်ချိုဝင်း(ဘ)ဦးကြည်ဝိုင်း ၁၂/အစန(နိုင်)၁၈၅၅၄၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ပွေတောင်ရပ်၊ ကွင်းအမှတ်(၆၆၈)၊ ဦးပိုင် (၄၃/၅)၊ (၄၄)၊ (၄၆) စုစုပေါင်းဧရိယာ ၁ ဒသမ ၀၅ ဧကမှခွဲ၍ မြေကွက်အမှတ် (A-1) (၅၀x၁၀၀)ပေ အကျယ်အဝန်းရှိမြေကွက်ကို ဒေါ်လွင်မီမီသက် (ဘ) ဦးစိန်လှိုင် ၉/မကန(နိုင်)၀၇၉၅၁၈ ထံမှ ဒေါ်ခင်ချိုဝင်းက ရောင်းကြေး(ကာလ တန်ဖိုး) ငွေအပြေအကျေ ပေးချေဝယ်ယူပြီး လက်ရောက်ရရှိသော မြေကွက်ဖြစ်ပါသည်။ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက် စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာရုံးဌာနအသီးသီး၌ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **(၁) ဦးစိုးမိုးအောင်(LL.B)** | **(၂)ဒေါ်သင်းဇာခြည်လှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၄၅၂/၂၀၁၂)** | **(စဉ်-၁၀၄၀၅/၂၀၁၅)** |

**အမှတ်(၁၄၈)၊ သီရိနန္ဒာလမ်း၊ ရပ်ကွက်ကြီး(၉)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၄၄၄၀၃၃၁၆၈၊ ၀၉-၂၀၄၆၀၂၅**

GGI NIPPON LIFE အသက်အာမခံ

## "ငလျင်သဘာဝဘေးကြောင့်ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄)နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ခြင်း"

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ငလျင်သဘာဝဘေးကြောင့် မမျှော်လင့်ဘဲ အသက်အိုးအိမ်နှင့် အခြေခံအဆောက်အအုံ ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပါသည်။ ထို ငလျင်သဘာဝဘေးကြောင့် ထိခိုက်ခံစားရသူများအားလုံးနှင့် အတူ GGI Nippon Life အသက်အာမခံမှ ထပ်တူစိတ်မကောင်းခြင်းဖြင့် ဝမ်းနည်းမိပါသည်။

ငလျင်သဘာဝဘေးအန္တရာယ် ကြုံတွေ့မှုမှဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုများနှင့် အခြားသော အာမခံအကျိုးခံစားခွင့်များကို အမြန်ဆောင်ရွက်ပေးနိုင်ရန် GGI Nippon Life အသက်အာမခံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

ငလျင်သဘာဝဘေး အန္တရာယ်ကြုံတွေ့သောဒေသတွင် နေထိုင်သည့် Customer များအတွက် အာမခံပရီမီယံပုံမှန်ဆောင်ရွက်လျက်ရှိသည့်ရက်ကို (၆)လ တိုးမြှင့် ရွှေ့ဆိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထို့အတူ စုငွေအသက်အာမခံထားရှိသည့် Customer များ၏ အရေးပေါ် လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပေါ်လစီချေးငွေထုတ်ယူနိုင်သည့် သက်တမ်းဖြစ်ပါက ချေးငွေအမြန်ထုတ်ယူနိုင်ရန်စီစဉ်ထားရှိပါသည်။

အာမခံအကျိုးခံစားခွင့်နှင့် အာမခံဝန်ဆောင်မှုများအတွက် အောက်ဖော်ပြပါ Customer Care Help Line များမှ တစ်ဆင့် ၂၄ နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် - 09-400083003, 09-400083004, 09- 942587788, 09-664969238

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Grand Guardian Nippon Life Insurance Co., Ltd.**

GGI TOKIO MARINE GENERAL INSURANCE

## ငလျင်အာမခံ ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄ နာရီ) ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း

၂၈-၃-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ (၁၂) နာရီ (၅၁) မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် နှစ်တစ်ရာတွင် တစ်ကြိမ်မျှ ပေါ်ပေါက်လေ့ရှိသော အင်အားပြင်းထန်သည့် မြေငလျင်ကြီး (Mega Earthquake) ဖြစ်ပါသည်။ ထို့မျှ ပြင်းထန်သော မြေငလျင်ကြီးကြောင့် လူ့အသက်ဆုံးရှုံးခြင်း၊ ခန္ဓာကိုယ်ထိခိုက်ခြင်း၊ အိုးအိမ်ပစ္စည်းဆုံးရှုံးခြင်း၊ အိုးအိမ်မဲ့ဖြစ်ခြင်းများ ကြုံတွေ့နေရသည်ကို GGI Tokio Marine General Insurance Company မှ စိတ်နှလုံးညှိုးချုံးပြီး အလွန်ဝမ်းနည်းစွာ တွေ့မြင်ခံစားရပါသည်။

ဤပျက်စီးဆုံးရှုံးမှုများအတွက် ငလျင်အန္တရာယ်အာမခံထားသူများအား ငလျင်အန္တရာယ်အာမခံနှင့် လျော်ညီသည့် လျော်ကြေးများကို အမြန်ဆောင်ရွက်နိုင်ရန် "GGI Tokio Marine General Insurance Company"၏ ဝန်ထမ်းများက ကြိုးပမ်းလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။ အာမခံထားရှိထားသော Policy Holder များ၏ အဆောက်အဦများနှင့် ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိပါက ကျွန်တော်များ အာမခံကုမ္ပဏီသို့ အမြန်ဆုံး ဆက်သွယ်ပေးကြပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ လျော်ကြေးဝန်ဆောင်မှုများအား အမြန်ဆုံး ရရှိနိုင်ရန် အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို (၂၄နာရီ) ခေါ်ဆို ဆက်သွယ် အကြောင်းကြား ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် - 09-883002446,09-883002447

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**GGI Tokio Marine General Insurance Co., Ltd.**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၄)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၁၈/က)ဟု ခေါ်တွင်သော မြေအလျား x အနံပေ(၂၀ x ၆၀) ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းဌေး(၁၂/ဒပန(နိုင်)၀၂၈၆၆၀)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ထွေး၁၀/ကမရ(နိုင်) ၀၁၆၈၅၇ ထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကေခိုင်ထွန်း (၁၄/ဟသတ(နိုင်)၀၄၆၉၂၇) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဝင်းသူရဇော် | ဒေါ်ယမင်းထွေး | ဦးရဲသီဟ |
| (LL.B) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဥ်-၄၂၀၆၆) | (စဥ်-၁၂၃၆၅) | (စဥ်-၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ ကွက်သစ်ရပ်ကွက်၊ ဝိသာခါလမ်း (အောင်သဒ္ဓိလမ်း)ရှိ အကွက်အမှတ် - C2၊ အကွက်အမည်-ကွက်သစ် အနောက်ရပ်၊ မြေကွက်အမှတ်- ၁၀၁၇/၁၀၃၃ ၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ခြံမြေကွက်ကို ကျိုက်ထိုဇောတိကာရုံကျောင်းတိုက် အမည်ဖြင့် မြေပေးမိန့်ရရှိထားရာ ထိုခြံမြေကွက်ကို ဆရာတော် ဦးဝိလာသဇောတိက တပည့်ဒါယကာဖြစ်သူ ဦးစန်းမြင့် ၇/သဝတ(နိုင်)၀၆၈၈၆၈ အား ၁၁-၁၂-၂၀၂၄ ရက်တွင် စွန့်လွှတ်ပြီး အပြီးအပိုင်လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဦးစန်းမြင့်က အထက်ပါခြံမြေတွင် ယနေ့တိုင်လက်ရှိနေထိုင် လျက်ရှိသူဖြစ်၍ အဆိုပါခြံမြေကို ၎င်း၏အမည်ပေါက် ရရှိစေရန် သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုလျှင် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း) ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာရုံးဌာနတွင်ဖြစ်စေ၊ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းမြင့်၊ ဝိသာခါလမ်း၊ သာယာဝတီမြို့။**
**ဒေါ်အိအိလွင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၅၀၈)**
**အမှတ် ၄၈၆၊ ဗိုလ်စိန်မှန်လမ်း၊ ဆရာစံမြို့သစ်၊ သာယာဝတီမြို့၊ ဖုန်း-၀၉-၇၉၉၃၇၁၉၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ညောင်ပင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် 26 (B) & B 1၊ မြေကွက်အမှတ် (၁၀၆) အိမ်အမှတ်(၂၄)၊ အကျယ်ပေ ၂၅ ပေ x ၅၀ ပေအနက်မှ ၁၂ ပေခွဲ x ပေ ၅၀ အကျယ်ရှိ မြေကွက်နှင့် ပထမထပ်(ခေါင်းရင်းခြမ်း)နှင့် မြေအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့တော်စည်ပင် မြေယာဌာနတွင် ဦးမောင်တင်မောင်အမည်ဖြင့် မှတ်သားတည်ရှိပြီး တရားဝင်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည်ဆိုသော ဒေါ်ခင်ခင်အေး ၁၄/ မမက(နိုင်)၀၁၁၂၁၇နှင့် ဦးဇော်ထက်အောင် ၁၄/မမက(နိုင်)၁၈၅၀၆၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ကိုကျော်မင်းနိုင် ၁၄ /ဓနဖ(နိုင်) ၂၃၃၃၀၇ နှင့် မသော်တာနိုင်ထူး ၁၄/ပတန(နိုင်)၂၃၀၇၈၉ တို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် အဆိုပါမြေနှင့်ပထမထပ်အခန်းတို့၏ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာ ပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံး အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးပြည့်ငြိမ်းအောင် LL.B၊ အထက်တန်းရှေ့နေ (စဥ် -၃၀၁၅၅)**
**၃၁/A ပထမထပ်၊ ၁၆၅ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉- ၈၈၄၂၄၆၂၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(City Loft) တိုက်အမှတ်(CL11)၊ အခန်းအမှတ် (၁၀၄)၊ တိုက်ခန်းအမျိုးအစား(3-Bedroom)၊ ခန့်မှန်း ကြမ်းခင်းဧရိယာ (၈၅၀) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်ခင်ပပဖြိုး ၃/ဘအန(နိုင်)၁၉၉၅၉၉ တို့ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအာကာစိုး (၉/မရမ(နိုင်)၀၈၂၁၅၂)**
**ဖုန်း-၀၉-၄၄၄၀၀၅၆၃၃**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်း ရပ်ကွက်(၈၃)၊ မြေကွက်အမှတ်(၉၈၈)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိသည့် မြေကွက်နှင့် ဦးထွန်းရွှေ အမည်ပေါက် ပါမစ်မြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဒေါ်ဇင်ဇင်ဝေ ၁၂/ဒဂတ(နိုင်)၀၄၃၃၆၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးတင်ရွှေအောင် ၉/ကပတ(နိုင်)၂၅၅၂၇မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ရွှေအောင် ၉/ကပတ(နိုင်) ၂၅၅၂၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီအေး (စဥ် - ၁၄၈၁၉)**
**LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇီတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း - ၀၉-၄၂၀၀၆၉၁၅၂**

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးစံဖေလမ်း၊ စတုတ္ထအလွှာ၊ အရပ်အခေါ် (၅)လွှာ (ဒါဘ)၊ အမှတ်(၄၂) တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ အောင်တော်မူလမ်း၊ အမှတ်(၃၂)၊ (၅)လွှာ(ဘီ)နေ ဦးသိန်းဟန် ၁၂/စခန(နိုင်)၀၅၂၆၀၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်မာမာအေး ၁၂/သဃက(နိုင်)၀၁၂၅၃၇ထံမှ ဒေါ်ချယ်ရီ (TGKN-၀၅၅၇၁၀)မှ ၂၀၁၉ခုနှစ်၊ မတ်လ ၂ ရက်တွင် ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးစံဖေလမ်း၊ စတုတ္ထအလွှာ၊ အရပ်အပေါ် (၅)လွှာ(ဒါဘ)၊အမှတ်(၄၂)၊ဧရိယာ(၁၅ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ချယ်ရီမှ ဒေါ်သန္တာကျော် ၁၂/ဥကတ(နိုင်)၁၄၆၃၆၈ အား ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်တွင် လက်ရောက်ပေးအပ်ထားသည့်အတွက် ဒေါ်သန္တာကျော် တစ်ဦးတည်းကသာ လက်ရောက်ရရှိထားပြီး လက်ရှိထားအကျိုးခံစားခွင့်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးစံဖေလမ်း၊ စတုတ္ထအလွှာ၊ အရပ်အပေါ် (၅)လွှာ(ဒါဘ) အမှတ်(၄၂)၊ ဧရိယာ (၁၅ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဦးသိန်းဟန်မှ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်တွင် ဝယ်ယူပြီး လက်ရောက်ရရှိခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်ပါ ကြောင်း၊ ဒေါ်သန္တာကျော်ထံမှ ဝယ်ယူထားသူမှာလည်း ဦးသိန်းဟန် တစ်ဦးတည်းဖြစ်သောကြောင့် အဆိုပါတိုက်ခန်းမှာ ယနေ့အချိန်အထိ ဦးသိန်းဟန် တစ်ဦးတည်းကသာ လက်ရောက်ရရှိပိုင်ဆိုင်အကျိုးခံစားခွင့်၊ စီမံပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသိန်းဟန် ၁၂/စခန(နိုင်)၀၅၂၆၀၅** | **ဦးပြည့်ဖြိုးအောင်(ရွှေကြိုးကြာ)(LL.B)** |
| | **အထက်တန်းရှေ့နေ (စဥ်-၅၀၇၅၅)** |
| | **အမှတ်(၂၈)၊ ပြည်တော်သာလမ်း၊ (C/ခ)** |
| | **ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊** |
| | **ဖုန်း ၀၉-၇၉၆၉၇၉၇၁၂** |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ ဈေးမင်း(၁)လမ်း၊ အမှတ်-၁၄၈၂/ခနေ (ဦးစောမြင့်)-ဒေါ်အေးသန္တာထွေး ၁၄/မမန(နိုင်)၂၀၀၃၄၉တို့၏သား မောင်မင်းခန့်ကျော် ၁၂/ဒဂတ(နိုင်) ၁၃၇၈၄၉သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများ ပြုလုပ်နေပါဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(မိခင်) ဒေါ်အေးသန္တာထွေး**
**၁၄/မမန(နိုင်)၂၀၀၃၄၉**

## ကြော်ငြာစာ

## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

## မြောင်းမြခရိုင်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၁၃

**ကွယ်လွန်သူ မန်းမြစောသန်း ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု**

နန့်တင်စုစုစံ(ဘ)မန်းမြစောသန်း (လျှောက်ထားသူ)
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၊
သိလ္လာချောင်းဖျားကျေးရွာအုပ်စု၊
သိလ္လာချောင်းဖျားကျေးရွာ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ သိလ္လာချောင်းဖျားကျေးရွာအုပ်စု၊ သိလ္လာချောင်းဖျားကျေးရွာနေအိမ်၌နေထိုင်ခဲ့သော ကွယ်လွန်သူ မန်းမြစောသန်း၏ ကျန်ရစ်သော ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ သိလ္လာဂတ်စုကျေးရွာအုပ်စုရှိကွင်းအမှတ်(၄၄၃/၁၄၂၅)၊ ဆောင်ပုံမြောက်ကွင်း၊ ဦးပိုင်အမှတ်(၂၇/၂၀၆)၊ ဧရိယာ ၁၆ ဒသမ ၂၅ဧက အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် နန့်တင်စုစုစံက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း၂ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည့်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ မန်းမြစောသန်း ၏ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၅ခုနှစ်၊ ဧပြီလ ၂၈ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ရက်)၌ မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က နန့်တင်စုစုစံ၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ညွန့်ရှင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မြောင်းမြခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ ရေဝေရပ်ကွက်၊ ရန်ကုန်ပြည်လမ်းရှိကွင်းအမှတ်-၁၂၄၇[ဒ]၊ ကွင်းအမည် ရွာကြီးကုန်းကွင်း၊ ဦးပိုင်အမှတ်-၁၈[က] တွင်ရှိသော မြေဧရိယာ ၀ ဒသမ၀၃ဧက နှင့် ဦးပိုင်အမှတ် ၉၂[ခ] တွင်ရှိသော မြေဧရိယာ ၀ဒသမ ၁၈ဧကရှိခြံမြေသည် ဦးအောင်မြင့် အမည်ဖြင့် အိမ်ရာမြေအမည်ပေါက် ၃(ခ) ရရှိခဲ့ပါသည်။ ဦးအောင်မြင့် သည်(၂၀၀၆)ခုနှစ်က ကွယ်လွန်ခဲ့ပါသည်။ ဦးအောင်မြင့်ကွယ်လွန်သည့်အခါ အထက်ပါခြံမြေကို ၎င်း၏ တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်သန်း (ဘ) ဦးမောင်ဟန် ၇/သဝတ(နိုင်)၀၀၆၈၇၃က လက်ရှိနေထိုင်လျက်ရှိကာ အမွေဆက်ခံပိုင်ဆိုင်သည်ကို အကြောင်းပြု၍ ၎င်း၏အမည်သို့ ၃(ခ) အမည်ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုလျှင် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း) ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ သက်ဆိုင်ရာရုံးဌာနတွင် ဖြစ်စေ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်သန်း**
**ရန်ကုန်-ပြည်လမ်း၊ သာယာဝတီမြို့၊**
**ဒေါ်အိအိလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၅၀၈)**
**အမှတ် ၄၈၆၊ ဗိုလ်စိန်မှန်လမ်း၊ ဆရာစံမြို့သစ်၊ သာယာဝတီမြို့။**
**ဖုန်း-၀၉-၇၉၉၃၇၁၉၂၂**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## သူကောင်း ဦးခင်မောင်ဦး
### အသက်(၆၉)နှစ်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နေ (သူကောင်း ဦးလှဒင်)-(သူကောင်း ဒေါ်ငွေငွေ)တို့၏ သားကြီး၊ ဒေါ်ကြည်ကြည်ဝင်း ၏ချစ်လှစွာသောခင်ပွန်း၊ မမေဦးလွင်-ကိုအေးကိုကို၊ မဇင်မေဝင်း-ကိုစိန်စိန်း၊ မနန္ဒာလင်းတို့၏မွေးသဖခင် ကျေးဇူးရှင်၊ မောင်သုတလွင်၊ မောင်ဖြိုးဖြိုးမောင်တို့၏အဘိုး၊ သူကောင်း ဦးခင်မောင်ဦး အသက်(၆၉)နှစ်သည် ၅-၄-၂၀၂၅ရက်၊ ညနေ ၄:၃၇နာရီတွင် ဘဝတပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပြီဖြစ်ပါသဖြင့် ၇-၄-၂၀၂၅ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်တင်ဝင်းရည်
### B.A(Law),LL.B(9)Batch
### [စာကြည့်တိုက်မှူးကြီး(ငြိမ်း) တက္ကသိုလ်များဗဟိုစာကြည့်တိုက်]
### (စာကြည့်တိုက်မှူး/ ကထိက၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်- တောင်ကြီး)
### (အကြံပေး-မြန်မာနိုင်ငံစာကြည့်တိုက်အသင်း)
### အသက်(၇၂)နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နေ (ဦးအောင်ပွား-ဒေါ်သန်းချို)တို့၏သမီး၊ (ဦးကျော်ဇောနိုင်)၏ဇနီး ဒေါ်တင်ဝင်းရီသည် ၆-၄-၂၀၂၅ရက် နံနက် ၈:၂၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၅ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးသိန်းထွန်း(ခ)ဦးနွဲ့
### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်နေ (ဦးအောင်မြင့်-ဒေါ်သိန်းရှင်) တို့၏သား၊ (ဦးသိန်းအောင်-ဒေါ်ရင်မေ) တို့၏ သားသမက်၊ ဒေါ်မူမူအောင် ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်လဲ့မူ၊ ဒေါ်သန်းသန်းတင်၊ ဒေါ်မင်းမင်းသိန်း၊ ဒေါ်ခင်မမ၊ ဒေါ်ငြိမ်းချမ်းချစ်ချစ် တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၅-၄-၂၀၂၅ရက်၊ (စနေနေ့)ည၉:၃၀နာရီတွင် ဘဝတပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၂၅ရက်(တနလ်ာနေ့)နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ဝမ်းနည်းစွာဖြင့် အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

ဦးမျိုးလွင်နှင့် ဒေါ်သီတာစိုးတို့၏သားဖြစ်သူ ကျွန်းစုမြို့နယ်၊ အမက-ကဖွား(အတွင်း)Grade-5 တွင် လက်ရှိ ပညာသင်ကြားနေသော မောင်ညီညီမင်းခန့်အား ယနေ့မှစ၍ မောင်ညီညီမင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ညီညီမင်း**

## ပျောက်ဆုံးကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏတွင်နေထိုင်သော ဦးဇော်ဦး၏သား မောင်ရန်နိုင်ထွန်း ၁၂/သဃက(နိုင်)၁၇၇၉၀၃၏ နိုင်ငံကူးလက်မှတ်(MF-621286)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၁၁၅၁၀၃**

## ပျောက်ဆုံးကြောင်း

အရှေ့ဒဂုံမြို့နယ်၊ အရှေ့ဒဂုံနေ ဦးမင်းမျိုးသန့်၏သမီး မနော်နီသောထူး ၁၂/ဒဂမ(နိုင်)၀၄၇၆၁၄ ၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ်(ME-594133)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

**ဖုန်း-၀၉-၉၅၆၇၉၃၀၀၄**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ကော့ကရိတ်မြို့နယ်၊ အမက-ကြက်မတွန်ကျောင်းမှ ဆရာကြီး ဦးထွန်းထွန်းဦး၏ဖခင်အမည်မှန်မှာ ဦးအုံးရွှေဖြစ်ပြီး ၎င်းဆရာကြီး၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁၀-၁၉၆၆ ဖြစ်ကြောင်း။

## ဒေါ်တင်တင်ရီ
### အသက်(၇၈)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ကော့သံခါကျေးရွာနေ (ဦးကြည်ဝေ-ဒေါ်အိရှူ)တို့၏သမီးကြီး၊ဘားအံမြို့၊မပြည်ကျေးရွာနေ(ဒေါ်နန်းရီရီထွေး)၊ ဦးစောသန်းရင်တို့၏ အစ်မကြီး၊ ဦးမြင့်နိုင်-ဒေါ်စန္ဒာဦး၊ ဦးမင်းဇော်-ဒေါ်စန္ဒာဝင်း၊ ဦးသီဟမောင်မောင်-ဒေါ်ယုဝေကျော်၊ ဒေါ်ခင်မျိုးသူတို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ (ဦးမောင်မောင်)(တပ်မတော်-ရေ၊ ငြိမ်း)၏ ဇနီး၊ မမျိုးမြင့်မြတ်စံ၊ မစိုးမြင့်မြတ်စံ၊ မမေသီရိဇော်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်လင်းမြတ်မောင်မောင်တို့၏ ချစ်လှစွာသော အဘွား ဒေါ်တင်တင်ရီ အသက်(၇၈)နှစ်သည် ၄-၄-၂၀၂၅ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်- ၁၀၀၀)၌ ဇွဖပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ငြိမ်းအေးဇရပ်မှ နေပြည်တော်တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးချစ်ဝင်း
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၂၄)(ပ-ညာ)နေ ဒေါ်မြအေး၏ ခင်ပွန်း၊ ဦးပြည့်စုံ-ဒေါ်မာမာစိုး၊ ဒေါ်မို့မို့ထက်ကျော်၊ ဒေါ်စုစုထက်ကျော်၊ ဦးကျော်လှိုင်ဝင်း-ဒေါ်ယဉ်မင်းသူတို့၏ မွေးသဖခင်၊ မဆုသစ္စာ၊ မောင်လက်ရုံးပြည့်၊ မဆုလှိုင်မြင့်မိုရ်အောင်၊ မခင်ဆုမြင့်မိုရ်အောင်၊ မခင်ယွန်းမြင့်မိုရ်အောင်တို့၏ အဘိုးသည် ၅-၄-၂၀၂၅ ရက်(စနေနေ့) ည ၈:၁၅နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၇-၄-၂၀၂၅ရက် (တနလ်ာနေ့) ညနေ ၅:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၂၅ရက် (သောကြာနေ့) နံနက် ၅ နာရီမှ ၁၀ နာရီထိ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်ရှိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ငွေးမောင် ၇/ပခန(နိုင်) ၃၄၁၈၈၇ အား အသိပေးအကြောင်းကြားစာ

လူကြီးမင်းခင်ဗျာ-

ဒေါ်စန္ဒာနွယ် ၇/နတလ(နိုင်) ၀၀၄၀၈၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားသိစေအပ်ပါသည်-

၁။ ပဲခူးခရိုင်တရားရုံး၊ ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၂တွင် (၂၀-၁၁-၂၀၂၄) ရက်၌ ချမှတ်သည့် စီရင်ချက်နှင့်ဒီကရီအရ ဦးရဲမင်းလွင် ၇/ပခန (နိုင်)၀၃၄၉၉၈ အမည်ပေါက် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အကွက်အမှတ် (၁၆-E)၊ အကွက်အမည်-နန်းတော်ရာကုန်း၊ ဦးပိုင်အမှတ်(၇က-၅-၇အ)၊ ဧရိယာ(၀ဒသမ၁၈၇)ဧကအနက်မှ အကျယ်အဝန်း (အလျား၄၈/၁၂၅ပေxအနံ ၁၀၀ပေ)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ် တစ်လုံး(အိမ်မှာအကြမ်းထည်ဖြစ်ပြီး ယခုအခါတွင် ရေမီးဆေးအလုံးစုံပြီးပြည့်စုံသော အသင့်နေနိုင်သည့် အနေအထားရောက်ရှိအောင် ဆက်လက်ပြုပြင်ဆောက်လုပ်ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်)မှာ ဒေါ်စန္ဒာနွယ်က ရရှိပိုင်ဆိုင်ခဲ့သည့် အိမ်ခြံမြေကွက်ဖြစ်သည်မှာ လူကြီးမင်းကောင်းစွာသိရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ အထက်ပါအိမ်ခြံမြေကွက်မှာ လူကြီးမင်းနှင့်မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း လုံးဝမရှိသည့် အိမ်ခြံမြေကွက်ဖြစ်ပါလျက် လူကြီးမင်းသည် ပဲခူးမြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် (၇-၃-၂၀၂၅) ရက်စွဲပါစာဖြင့် အထက်ပါအိမ်ခြံ မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်စာတင်ခဲ့သည်ဟု သိရပါသည်။

၃။ ထိုသို့ လူကြီးမင်းသည် လူကြီးမင်းနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိသော အထက်ပါအိမ်ခြံမြေကွက်နှင့်စပ်လျဉ်း၍ကန့်ကွက်စာတင်ခဲ့သည့်အတွက် ဒေါ်စန္ဒာနွယ်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ချိုမာလွင် ၇/ပခန(နိုင်)၁၃၁၆၂၇ က မြေကွက်အား ဒေါ်စန္ဒာနွယ်၏ အမည်ပေါက်ပြောင်းနိုင်ရန်နှင့် ပြန်လည်ရောင်းချရန်အတွက် ဆောင်ရွက်သည့်မြေပုံရေးကူးခြင်းအပါအဝင် ဆောင်ရွက်ရသည့်ကိစ္စများတွင် ဆက်လက်ဆောင်ရွက်၍ မရတော့သည့်အတွက် ဒေါ်စန္ဒာနွယ်တွင် ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့ရပါသည်။

၄။ ထို့ကြောင့်လူကြီးမင်းအား သိစေအပ်သည်မှာ အထက်ပါအိမ်ခြံမြေကွက်သည် လူကြီးမင်းနှင့်မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်းမရှိသည့် မြေကွက်ဖြစ်ပြီး ဒေါ်စန္ဒာနွယ်ကသာ ပိုင်ဆိုင်သည့် မြေကွက်ဖြစ်သည့်အတွက် လူကြီးမင်းက ပဲခူးမြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် (၇-၃-၂၀၂၅)ရက်စွဲပါစာဖြင့် တင်ပြခဲ့သည့် ကန့်ကွက်စာအား ယခုသတင်းစာပါရှိသည့်ရက်မှ (၃)ရက်အတွင်း မပျက်မကွက် ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ထိုသို့ ဆောင်ရွက်ခြင်းမပြုပါက ဒေါ်စန္ဒာနွယ်၏ နစ်နာမှုအဝဝအတွက် လူကြီးမင်းအပေါ် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်စန္ဒာနွယ်၏ ညွှန်ကြားချက်အရ အသိပေးအကြောင်းကြား သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၄၅)**
**တိုက်အမှတ်(B-6)၊ အခန်း(၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊**
**(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13U/5871, Dayang-300,3/W ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင်မင်း ၁၄/မအန(နိုင်)၁၀၈၇၈၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/27788, Wonjan-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းမြင့် ၇/ပတတ(နိုင်)၀၅၂၇၃၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ ဦးပိုင်အမှတ်(က/၆)၊ မြေဧရိယာ ၀ဒသမ ၀၇၆ ဧကအား မြေငှားဂရန်အမှတ်အမှတ် ၂၄/၂၀၁၂-၂၀၁၃အရ ဦးဆန်းထွန်းအမည်ဖြင့် ရရှိခဲ့ပြီး ဦးဆန်းထွန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၇၈/၂၀၂၄)ဖြင့် ဦးမင်းအောင်မိုး၊ ဒေါ်ယုယုခင်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေးဦးမင်းအောင်မိုး ၆/မအရ(နိုင်)၀၉၇၆၂၁၊ ဒေါ်ယုယုခင် ၆/မအရ(နိုင်)၀၉၃၃၇၈တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## အများသိစေရန်ကြေညာချက်

ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း အမှတ်(၁၇၄/၁၇၆)အနွေရာယ်ရှိအဆောက်အအုံ၏ တတိယထပ်အခန်းအမှတ်(၇) မှုလနေထိုင်သူ ဦးသိန်းလွင်(ရှေ့ခန်း)၊ ဒေါ်ခင်သန်း(နောက်ခန်း) အမည်ဖြင့်မှတ်သားထားသည့်အခန်းမှ ဒေါ်ခင်သန်း(နောက်ခန်း)အား ဝယ်ယူထားသူ ဒေါ်စုလှိုင်နှင်းမှ ၎င်းအမည်သို့ ပြောင်းလဲမှတ်သားပေးပါရန် တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြေညာချက်ပါရှိ သည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း အမှတ်(၁၇၄/၁၇၆) အနွေရာယ်ရှိအဆောက်အအုံ၏ ပထမထပ်အခန်းအမှတ်(၃) မူလနေထိုင်သူ ဦးသက်တင်(ရှင်) ဦးဇော်မင်း(ဖလေငှား)အမည်ဖြင့် မှတ်သားထားသည့်အခန်းအား ဦးခင်မောင်ဝင်းမှ မူလနေထိုင်သူ ဦးသက်တင်(ကွယ်လွန်)၏ သားသမီးများထံမှ အဆင့်ဆင့်ဝယ်ယူထားပြီး ဦးခင်မောင်ဝင်း အမည်သို့ပြောင်းလဲမှတ်သားပေးပါရန် တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း(၆)လမ်း၊ အမှတ်(၅၉၇)၊ (၄)လွှာ၊ ဒုတိယထပ်(ခေါင်းရင်း) (၁၂ ပေခွဲ x၅၀ပေ) အကျယ် တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် စွဲကပ်တည်ရှိသော အကျိုးခံစားခွင့်အားလုံးတို့ကို ဒေါ်ပပ ၉/တသန(နိုင်)၂၄၉၀၃၃က တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချရာ ဒေါ်ငွေငွေဝင်း ၁၂/မရက(နိုင်)၀၈၇၉၇၁ကိုယ်စား ကိုကျော်သူစိုး ၁၂/မရက(နိုင်)၁၅၂၉၄၆မှ ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ယနေ့မှစ၍ (၃)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအား အပြီးအပိုင်ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်အောင်ကြည် (ငါးသိုင်းချောင်း)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ် ၁၂၁၃၁/၂၀၁၇)**
**အမှတ်(၉/၁၁)၊ အခန်း(၂၀၂/E)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉ -၇၇၉၂၉၁၀၉၁၊ ၀၉ -၉၇၁၄၃၃၄၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-ခ/တိုးချဲ့မြို့ကွက်သစ်၊ ဦးပိုင်အမှတ် ၁၅၂၊ မြေဧရိယာ(၀.၁၀၂)ဧကရှိ ခရိုင်ရုံးအမှုတွဲအမှတ်-၁၆၀/၁၉၉၁-၁၉၉၂ အရ ဒေါက်တာစောမူ ၆/ထဝန(နိုင်)၀၀၈၁၇၂အမည်ဖြင့် ရရှိထားသော မြေငှားဂရန်သည် ပျောက်ဆုံးလျက်ရှိသည့်အပြင် အဆိုပါမြေငှားဂရန်သည်(၁-၄-၂၀၂၁)ရက်တွင် သက်တမ်းကုန်ဆုံးလျက်ရှိသဖြင့် ကျွန်မ ဒေါ်စောမူ ၆/ထဝန(နိုင်)၀၀၈၁၇၂မှ ထားဝယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန်(မူရင်းခွဲသက်တမ်းတိုး)လျှောက်ထားဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်စောမူ**
**အမှတ်(၁၁၆၊ ၁၅လမ်း၊ (၇) ရပ်ကွက်၊ လမ်းမတော်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ ပုသိမ်-ငပုတောကားလမ်းမကြီးဘေး၊ ချဉ်ပေါင်ကုန်းရပ်နေ ဦးလှစိုး ၁၄/ပသန(နိုင်)၀၇၄၆၅၂ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ဒေါ်ရီရီမြင့် မြေငှားဂရန်အမည်ပေါက်မြေကွက်အား အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူ၍ လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဒေါ်နီနီမွန် ၁၀/မဒန(နိုင်)၀၆၆၃၄၄ က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ၎င်းပိုင်ဆိုင်သော ဒဂုံမြို့ သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၀၊ သခင်မြလမ်း၊ မြေကွက်အမှတ် (၈၀၀)၊ နှစ် (၆၀) ဂရန်၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC နှစ်ထပ်တိုက်၊ နေအိမ်တစ်လုံးကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်သူ၊ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကြေညာစာပါ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှိုင်သော်တာထွန်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**(စဉ် - ၁၀၉၅၈/၁၆) ၊ (၃၀-၆-၂၀၁၆)**
**အမှတ် (F - ၁၄၂)၊ စံပြ (၁) လမ်း၊ ကင်မလင်းကျွန်းရပ်ကွက်၊ ပုသိမ်မြို့၊**
**ဧရာဝတီတိုင်းဒေသကြီး၊ ဖုန်း-၀၉ - ၄၃၀၀၀၅၃၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/64664, SUZUKI Smash-112, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်သက်ထွန်း ၇/နတလ(နိုင်)၀၁၉၄၄၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/88208, Suzuki Viva-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမိုး ၇/ပတန(နိုင်)၁၀၃၉၉၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ အကွက်အမှတ်-၁၃(ခ)ဆိပ်ငယ်ကွင်း၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ ၀ဒသမ ၀၇၂ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၅၆/၁၉၉၈-၁၉၉၉အရ ဦးအီစွန်၊ ဒေါ်လှဝင်းအမည်ဖြင့်ရရှိခဲ့ပြီး (၃၁-၁၂-၂၀၁၇)ရက်တွင် မြေငှားဂရန်သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးအီစွန် ၆/မအရ(နိုင်)၀၈၅၆၃၆၊ ဒေါ်လှဝင်း ၆/မအရ(နိုင်)၀၈၅၆၃၇တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

သစ်ပင်
နည်းလာ
တို့ကမ္ဘာ
လွန်စွာ
ပူအေး
ဥတုဘေး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။


(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာ မဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

ယနေ့ညမှ ၁၄-၄-၂၀၂၅ ရက်နေ့အတွင်း
မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ
ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



## လေပွေလှိုင်းများအရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဧပြီ ၁၄ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၆

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏

စာမျက်နှာ ၁၆ ကော်လံ ၁ ❑

## တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိ

နေပြည်တော် ဧပြီ ၆

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ပြင်းထန်မြေငလျင်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ယင်းဒေသများမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါလေယာဉ်ဖြင့် ဆေးပစ္စည်းများနှင့်

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာစဉ်။




## ဘက်တစ်ကို သရေကျခဲ့သော်လည်း အမှတ်ပေးဇယားကို ဘာစီလိုနာက လေးမှတ်ပြတ် ဦးဆောင်



ဘာစီလိုနာကစားသမား ဂါဗီ ဘက်တစ်အသင်းဘက် ဦးဆောင်ဂိုးသွင်းယူစဉ်။

စပိန်လာလီဂါပွဲစဉ် (၃၀) မှ အမှတ်ပေးဇယားဦးဆောင်သူ ဘာစီလိုနာနှင့် ဘက်တစ်အသင်းပွဲစဉ်ကို ဧပြီ ၆ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဘာစီလိုနာ အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သော်လည်း

စာမျက်နှာ ၁၁ ကော်လံ ၁ ❋

**ယနေ့ သတင်းအညွှန်း**


မြန်မာနိုင်ငံကို ကူညီပံ့ပိုးရန်နှင့် ပြည်သူများနှင့်တစ်သားတည်းရှိရန် ကုလသမဂ္ဂကို တိုက်တွန်း — ပြည်တွင်းသတင်း စာ ၁၃

မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတွင် သွားလာမှုလွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိ — ပြည်တွင်းသတင်း စာ ၁၉

ရွှေသာလျောင်းတောင်ပေါ်မှ ကျောက်သေတ္တာအမည်ရှိ ကျောက်တုံးကြီးပြုတ်ကျမည့် အခြေအနေဖြစ်ပေါ်လျက်ရှိသဖြင့် တောင်ခြေအနီးတစ်ဝိုက်မှ ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်း — ပြည်တွင်းသတင်း စာ ၂၈